စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၁/၂၀၂၂**

**၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- Export အားနည်းနေချိန်တွင် အသင့်စားထုတ်ကုန်များထုတ်လုပ်၍ ဈေးကွက်သစ်ထိုးဖောက်လာကြ
- ထောပတ်သီးများကို အွန်လိုင်းစနစ်ဖြင့် ရောင်းဝယ်မှုပုံစံပြောင်းလဲလာခြင်းကြောင့် ပြည်တွင်းထောပတ်သီး ဈေးကွက် ပိုမိုတွင်ကျယ်လာ

**နိုင်ငံတကာဈေးကွက်**

- ထိုင်းနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ ပြည်ပသို့ ဆန်တင်ပို့မှုတန်ချိန် (၇ ဒသမ ၅ )သန်းအထိ ရရှိရန်မျှော်မှန်း
- အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်ပြုထားသည့်ကာလအား တိုးမြှင့်ခြင်း
- စင်ကာပူတွင် ဒေါ်လာ ၁ ဒသမ ၁၅ သန်း သုံးစွဲထားတဲ့ ကျောက်ပုစွန်မွေးမြူရေး ဖြစ်ထွန်းအောင်မြင်
- အိန္ဒိယနိုင်ငံ၌ ပဲပုပ်ဆီကြိတ်ဖတ်အား အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လျက် သိုလှောင်နိုင်ခွင့်ကန့်သတ်ခြင်း
- SelectUSA's Investment Summit တက်ရောက်လိုသူများ စာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း အသိပေးခြင်း
- ဩစတြေးလျနိုင်ငံနှင့်ဗြိတိန်တို့ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး
- ကွမ်တုန်းပြည်နယ်သည် ပြည်ပသိုလှောင်ရုံ ၅၀၀ ခန့်ကို ၂၀၂၅ ခုနှစ်နောက်ဆုံးထားကာ တည်ဆောက်သွားမည်
- ဂျပန်နိုင်ငံသည် ၁၇ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးအမြင်ကိုအဆင့်မြှင့်တင်ခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil,Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်
- အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ ကြေညာချက်အမှတ် (၁၅/၂၀၂၁)အား သွင်းကုန်ကြေညာလွှာတင်သွင်းသူ များ သိရှိနိုင်ပါရန်

**ပြည်ပကုန်သွယ်မှုသတင်း**

- ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာအရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီ

**အထူးဆောင်းပါးများ**

- (၁၇) ကြိမ်မြောက် စင်ကာပူနှင့် တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကောင်စီအစည်းအဝေးတွင် ဒီဂျစ်တယ် ကုန်သွယ်မှုနှင့် ဈေးကွက်ဝင်ရောက်ခွင့်တိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

## Export အားနည်းနေချိန်တွင် အသင့်စားထုတ်ကုန်များထုတ်လုပ်၍ ဈေးကွက်သစ်ထိုးဖောက်လာကြ

ပြည်ပသို့ မက္ကဒေးမီးယား Export တင်ပို့မှုအားနည်းနေချိန်တွင် လုပ်ငန်းရှင်များဦးဆောင်၍ မက္ကဒေးမီးယား အသင့်စားကုန်ချောထုတ်ကုန်များထုတ်လုပ်ကာ ပြည်တွင်း၌ ဈေးကွက်သစ်များ ရှာဖွေထိုးဖောက်လာကြောင်း မက္ကဒေးမီးယား ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။

"မြန်မာနိုင်ငံမှထွက်ရှိသည့် မက္ကဒေးမီးယားကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချခဲ့ကြပြီး၊ ကိုဗစ်-၁၉ ကာလ ၂ နှစ် တာအတွင်း တင်ပို့မှုအားနည်းနေသည်။ မက္ကဒေးမီးယားက မနှစ်ကရော ဒီနှစ်ရောမှာ Export ဈေးကွက်ပျက်နေတာတော့ ၂ နှစ်ရှိပါပြီ။ တရုတ်နိုင်ငံဘက်ကို တင်ပို့နေတဲ့လမ်းကြောင်းတွေ ပိတ်တဲ့အတွက်ကြောင့်ပါ။ ဒီလို ပြည်ပဈေးကွက်တင်ပို့မှု အားနည်းသွားတဲ့အတွက် တစ်ခုကောင်းလာတဲ့အချက်ကတော့ ပြည်တွင်းမှာတင် ဖြန့်ချိရောင်းချဖို့အတွက် လုပ်ငန်းရှင်တွေက ကုန်ချော (အစေ့အဆံ) အသင့်စားထုတ်ကုန်တွေ ထုတ်လုပ်လာကြပါတယ်။ အခုဆိုရင် ထုတ်ကုန်အမည် ၇ ခုလောက်အထိကို ထုတ်လုပ်လာတာ တွေ့ရပါတယ်။ မက္ကဒေးမီးယားက အာဟာရတန်ဖိုးမြင့်မားပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန် တစ်ခုပါ" ဟု မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မြေပုံကျေးရွာမှ မက္ကဒေးမီးယားပင် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ ကိုဇော်ဝင်းနိုင်က ပြောသည်။

မက္ကဒေးမီးယားကို တရုတ်နိုင်ငံသို့မဟုတ်ဘဲ အခြားပြည်ပနိုင်ငံများသို့ Export တင်ပို့ရန်မှု ဝယ်လိုအားရှိသော်လည်း အခွံမာသီးအတိုင်းတင်ပို့ရန်အတွက် ပြည်တွင်း၌ စက်ပစ္စည်းကိရိယာနှင့် နည်းပညာလိုအပ်ချက်ရှိနေခြင်း၊ အစေ့အဆံတင်ပို့ရန် အတွက် စိုက်ပျိုးထုတ်လုပ်မှု နည်းနေသေးခြင်းစသည့် အဓိကအားနည်းချက် ၂ မျိုး ရှိနေတယ်။ "မက္ကဒေးမီးယားကို တကယ့်ကို ဝယ်လိုအားရှိတဲ့နိုင်ငံတွေ ရှိပေမယ့်လည်းသူတို့လိုအပ်တဲ့ပမာဏကို ကျွန်တော်တို့ဘက်က မပို့ပေးနိုင်သေးဘူး။ ကွန်တိန်နာ တစ်ခုကို တန်နှစ်ဆယ်၊ တန်သုံးဆယ်စာ တင်ပို့နိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့ စိုက်ပျိုး ထုတ်လုပ်မှု လုံလောက်ဖို့လိုနေတယ်။ အခွံမာသီးအတိုင်း တင်ပို့မယ်ဆိုရင်တော့ စုပေါင်းတင်ပို့မယ်ဆိုရင် လိုအပ်တဲ့ပမာဏ ပြည့်နိုင်ပေမယ့် အစိုဓာတ်ထိန်းသိမ်းနိုင်ပြီး Quality ကောင်းကောင်းတင်ပို့နိုင်ဖို့ဆိုရင် ပေါင်းခံစက်လိုအပ်နေတယ်။ ကုန်ချော(မက္ကဒေးမီးယား အစေ့အဆံ) အတိုင်းတင်ပို့ဖို့ဆိုရင်လည်း လိုအပ်တဲ့ ကုန်ပမာဏပြည့်မီဖို့ လိုနေသေးတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။

မက္ကဒေးမီးယား (အခွံမာသီးအတိုင်း) ကို ပေါင်းခံစက်ဖြင့် ပေါင်းမခံဘဲ ပြည်ပသို့ တင်ပို့ရောင်းချပါက စိုထိုင်းဆပါဝင်မှု မြင့်မားသွားနိုင်ပြီး ဆီချေး (ဆီဂျီး) စော်နံကာ Quality ကျဆင်းမှုများ ဖြစ်ပေါ်တတ်ကြောင်း သိရသည်။

Source: https://greenwaymyanmar.com/posts/market_extend_for_macadamia

## ထောပတ်သီးများကို အွန်လိုင်းစနစ်ဖြင့် ရောင်းဝယ်မှုပုံစံပြောင်းလဲလာခြင်းကြောင့် ပြည်တွင်းထောပတ်သီးဈေးကွက် ပိုမိုတွင်ကျယ်လာ

ထောပတ်သီးများကို အွန်လိုင်းစနစ် အသုံးပြုကာ အရည်အသွေး အာမခံသည့်စနစ်ဖြင့် ရောင်းဝယ်မှုပုံစံ ပြောင်းလဲလာခြင်းကြောင့် စားသုံးသူများ၏ ယုံကြည်မှုပိုမိုရရှိလာကာ ပြည်တွင်းဈေးကွက်ပိုမို တွင်ကျယ်လာကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် ထောပတ်သီးလှိုင်လှိုင်ပေါ်သည့် ရာသီချိန်ဖြစ်သောကြောင့် ရပ်နီးရပ်ဝေးမှထွက်ရှိသော ထောပတ်သီးများ ဈေးကွက်အတွင်းသို့ အပြိုင်အဆိုင်ဝင်ရောက်လျက်ရှိပြီး ပြည်ပသို့တင်ပို့နိုင်ရန် အခက်အခဲများရှိနေခြင်းကြောင့် ပြည်တွင်း ဈေးကွက်၌ တွင်ကျယ်စွာရောင်းချနိုင်စေရေး ရောင်းဝယ်မှုပုံစံအမျိုးမျိုးဖြင့် ဈေးကွက်ရရှိစေရန် ဆောင်ရွက်လာကြကြောင်း သိရသည်။ ''အခုထောပတ်သီးရာသီမှာ အွန်လိုင်း စနစ်ကို အသုံးပြုပြီး ပြည်တွင်းဈေးကွက်က စားသုံးသူတွေကို အာမခံစနစ်နဲ့ ရောင်းချပေးနေပါတယ်။ အွန်လိုင်းကနေ ရောင်းချရာမှာလည်း ထောပတ်သီးထွက်ရှိတဲ့အရပ်ဒေသ အသီးသီးက ခြံရှင်တွေ တိုင်ပင်ပြီး ရောင်းချသူတွေနဲ့ စားသုံးသူတွေ နှစ်ဦးနှစ်ဖက်အဆင်ပြေတဲ့ ဈေးနှုန်းနဲ့ ညှိနှိုင်း ရောင်းချနေတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ ဈေးကွက်အတွင်း ပေါပေါများများ ဝင်ရောက်လာရင် လက်ရှိဈေးနှုန်းထက် လျော့ကျလာနိုင်တဲ့ အနေအထား ရှိလာနိုင်ပါတယ်''ဟု ဦးမျိုးညွန့်က ပြောသည်။

အသီးအရွယ်အစားအလိုက် အလေးချိန်ခွဲကာ ကီလိုစနစ်ဖြင့် ရောင်းချမှုများပြီး Hass ထောပတ်သီး A-grade တစ်ကီလိုလျှင် ငွေကျပ် ၉၅၀၀ မှ ၁၀၀၀၀ ဝန်းကျင် ရှိပြီး B-grade တစ်ကီလိုလျှင် ငွေကျပ် ၈၅၀၀ ဝန်းကျင်၊ C-grade နှင့် C-grade အောက် တစ်ကီလိုလျှင် ငွေကျပ် ၆၅၀၀ မှ ၇၀၀၀ ဝန်းကျင်ဖြင့် ရောင်းချကြကြောင်း၊ အလုံးအရွယ်အစား ကြီးပြီး အရည်အသွေးကောင်းသည့် ထောပတ်သီး တစ်လုံးလျှင် ပျမ်းမျှငွေကျပ် ၁၅၀၀ ဝန်းကျင် ရှိကြောင်း သိရသည်။

https://www.myawady.net.mm/node/19822

## နိုင်ငံတကာဈေးကွက်

### ထိုင်းနိုင်ငံတွင် ၂၀၂၂ခုနှစ်၊ ပြည်ပသို့ဆန်တင်ပို့မှုတန်ချိန်(၇ ဒသမ ၅) သန်းအထိရရှိရန်မျှော်မှန်း

ရေအလုံအလောက်ရရှိမှုနှင့် ထိုင်းဘတ်ငွေအားပျော့နေမှုတို့က ထိုင်းဆန်အား ပိုမို၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေကာ ယခုနှစ်တွင်ဆန်တန်ချိန်(၆)သန်းခန့်တင်ပို့နိုင်ရာမှနောက်နှစ်တွင်ဆန်တန်ချိန်(၇ – ၇ ဒသမ ၅)သန်းအထိ ပြည်ပတင်ပို့ရန် ရည်မှန်းထားကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများနှင့် ဆွေးနွေးပြီးနောက် ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Charoen Laothammatas က ရေအလုံအလောက်ရရှိမှုနှင့် ထိုင်းဘတ်ငွေသည်ပျမ်းမျှအားဖြင့် အမေရိကန်တစ်ဒေါ်လာလျှင်(၃၃)ဘတ်ဖြစ်နေကာ အားပျော့နေမှုတို့က လာမည့်နှစ်အတွက် ထိုင်းပြည်ပဆန်တင်ပို့မှုအားကောင်းလာစေမည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

ဘတ်ငွေအားပျော့မှုက ထိုင်းပြည်ပဆန်တင်ပို့မှုဈေးနှုန်းများကို ပိုမို၍ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည်ဖြစ်ကြောင်း၊ ထိုင်း ၅ ရာခိုင်နှုန်းဆန်ဖြူ၏ FOB ဈေးနှုန်းအနေဖြင့် တစ်တန်လျှင်အမေရိကန် ဒေါ်လာ ၃၉၀ ရှိပြီး တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၅ ရှိသော ဗီယက်နမ်ဆန်ထက်ဈေးနိမ့် နေကြောင်းသိရှိရပါသည်။

သို့ရာတွင် ကွန်တိန်နာမလုံလောက်မှုနှင့် သင်္ဘောတင်နေရာမလုံလောက်မှုတို့အနေဖြင့် ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အထိ အဓိကအန္တရာယ်ရှိသည့်အချက်များအဖြစ် ဆက်လက်၍ရှိနေဦး မည်ဖြစ်ကြောင်း သိရှိရပါ သည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင်ဆန်တန်ချိန် ၆ – ၆ ဒသမ ၃ သန်းတင်ပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ယခင်နှစ် ကရရှိခဲ့ သည့်ဆန်တန်ချိန် ၅ ဒသမ ၇ သန်းထက်အနည်းငယ်ပိုမို၍တင်ပို့နိုင်လိမ့်မည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့်အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံတို့ပြီးပါက ကမ္ဘာ့တတိယအကြီးမားဆုံး ဆန်တင်ပို့ သည့်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့မှု ဈေးကွက်တွင် ထိုင်းနိုင်ငံ ၏အဆင့်ကိုဆက်လက်မြင့်တင်နိုင်ရန်အတွက် ထိုင်းနိုင်ငံအနေဖြင့် ဆန်စပါးမျိုးကွဲများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ကြောင်း Mr. Charoen ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဆန်မွှေးမျိုးကွဲအသစ်များကိုဖေါ်ထုတ်ပြီး အခြားသောထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်နိုင်စေရန် အားတက်သရောမြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံအနေဖြင့် စားသုံးသူများ၏ ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက်ဆန်မျိုးကွဲသစ်များသည် အကန့်အသတ်ဖြင့်ရှိနေကြောင်း၊ အထူးသဖြင့် ပျော့ပျောင်းနူးညံ့သည့် ဆန်ဖြူ သည်စားသုံးသူများ၏ဝယ်လိုအားကိုထောက်ပံ့ဖြည့်ဆည်းနိုင်ရန်အကန့်အသတ်များရှိနေကြောင်းသိရှိရပါသည်။

ထိုင်းဆန်ထုတ်လုပ်မှုအနေဖြင့် ၂၀၂၁–၂၀၂၂ခုနှစ် စိုက်ပျိုးရာသီတွင် ဆန်စပါးအထွက်တိုးရန်ခန့်မှန်းထားကြောင်း၊ ကြိတ်ခွဲပြီးဆန်ထုတ်လုပ်မှုအနေဖြင့် တန်ချိန်သန်း(၂၀)ရရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ အကြောင်းမှာ ရေလုံလောက်စွာ ရရှိမှုကြောင့်ဖြစ်ကြောင်း၊ ၎င်းမှာ ၂၀၂၀–၂၀၂၁ခုနှစ် စိုက်ပျိုးရာသီတွင် ရရှိခဲ့သည့်ကြိတ်ခွဲပြီး ဆန်တန်ချိန် ၁၇ သန်းထက် ပိုမိုမြင့်တက်နိုင် ကြောင်းခန့်မှန်းထားပါသည်။ ထိုင်းဆန်စပါးထုတ်လုပ်မှုအနေဖြင့် မြေဧက ၁ ရိုင်(Rai)လျှင် ပျမ်းမျှအားဖြင့် ၄၅၀ ကီလိုဂရမ် ထွက်ရှိကြောင်း၊ ဗီယက်နမ်အနေဖြင့် မြေဧက ၁ ရိုင်(Rai)လျှင် ၉၀၀ ကီလိုဂရမ်နှင့် အိန္ဒိယအနေဖြင့် မြေဧက ၁ ရိုင် (Rai)လျှင် ၈၀၀ ကီလိုဂရမ်ထွက်ရှိကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် စားသုံးသူများ၏ ဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းရန်ပျက်ကွက်ခဲ့ပါက ဆန်တင်ပို့မှု ပမာဏမှာတဖြည်းဖြည်းကျဆင်းသွားဖွယ်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဆန်စပါးအာမခံချက် (သို့မဟုတ်) ဈေးနှုန်းအာမခံချက် အစီအစဉ်များမှတစ်ဆင့် ဈေးနှုန်းပံ့ပိုးမှုအပေါ် အဓိကအာရုံစိုက်ခြင်းဖြင့် ပြဿနာများကို မဖြေရှင်းနိုင်ခဲ့ကြောင်း၊ ဗီယက်နမ် နိုင်ငံအနေဖြင့် ဆန်စပါးလုပ်ငန်း ပိုမိုအားကောင်းလာ စေရန်အတွက်(R&D)သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းများကို အာရုံစိုက်ဆောင်ရွက်လျှက်ရှိကြောင်း၊ ထိုင်းဆန်ပြည်ပတင်ပို့သူများအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့သည်ဟု သတင်းတွင် ဖေါ်ပြထားပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ကြိုးနီစနစ်ကြောင့်အဟန့်အတားဖြစ်စေပြီး ဆန်စပါးလုပ်ငန်းကို အဆင့်မြှင့်တင်ရန်ဆန္ဒမရှိဟု ထိုင်းထိပ်တန်းဆန်တင်ပို့သူ ဖြစ်သည့် Huay Chuan Group မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ Mr. Chookiat က ပြောကြား ကြောင်းသိရှိရပါသည်။ Source: Bangkok Post

လွင်မျိုးဇော်– စီးပွားရေးသံမှူး

### အိန္ဒိယနိုင်ငံ၌ ပဲစင်းငုံနှင့် မတ်ပဲ လွတ်လပ်စွာတင်သွင်းခွင့်ပြုသည့်ကာလအား တိုးမြှင့်ခြင်း

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အား ကန့်သတ်ကုန်စည် အဖြစ်မှ လွတ်လပ်စွာ (Free) တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လျက် တင်ပို့ရာဒေသ၌ Bill of

Lading ထုတ်ပေးခြင်းကို ၃၁-၁၂-၂၀၂၁ နေ့ အထိလည်းကောင်း၊ အိန္ဒိယဆိပ်ကမ်းများ၌ ကုန်စည်များအား ဆိပ်ကမ်းရှင်းလင်းခြင်းကို ၃၁-၁-၂၀၂၂ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းခွင့်ပြုခဲ့ပါသည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနသည် ၂၀-၁၂-၂၀၂၁ နေ့တွင် ပဲတီစိမ်းတင်သွင်းမှုအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5317(E) ကိုလည်းကောင်း၊ မတ်ပဲနှင့် ပဲစင်းငုံ တင်သွင်းခြင်းအတွက် အမိန့်ကြော်ငြာစာအမှတ် S.O. 5318(E) အားလည်းကောင်း ထုတ်ပြန်လျက် အဆိုပါပဲများအား လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလကို ၃၁-၃-၂၀၂၂ နေ့အထိ တိုးမြှင့် သတ်မှတ်လိုက်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများတွင် ၃၁-၃-၂၀၂၂ နေ့မတိုင်မီ တင်ပို့ရာဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှု လုပ်ငန်းများကို ၃၀-၆-၂၀၂၂ နေ့ နောက်ဆုံးထား၍ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရက အဓိကပဲ ၃ မျိုးအား လွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ခဲ့မှုအပေါ် ပဲကုန်သည်အသိုင်းအဝိုင်းက ကြိုဆိုလျက်ရှိကြသော်လည်း ပြည်ပမှပဲများဈေးနှုန်းသက်သာစွာဖြင့် ဝင်ရောက်လာပါက ၎င်းတို့၏ ဝင်ငွေရရှိမှုအား ထိခိုက်မှုရှိလာနိုင်မည့်အရေးကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများက စိုးရိမ်မကင်းဖြစ်ပေါ်လျက်ရှိကြပါသည်။

Kalaburgi မြို့ရှိ ကာနာတကာပရာဒေ့ရှ် ပဲစင်းငုံစိုက်ပျိုးသူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr Basavaraj Ingin က အစိုးရ၏ ယခုဆောင်ရွက်ချက်မှာ ကောင်းမွန်သည့်ဆုံးဖြတ်ချက်ဟု မဆိုနိုင်ကြောင်း၊ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ပြုခြင်းသည် ယခုနှစ်၌ စိုက်ပျိုးထုတ်လုပ်သူ များအတွက် ထိခိုက်မှုဖြစ်စေရုံသာမက နောင်လာမည့် သီးနှံရာသီ၌ စိုက်ပျိုးထုတ်လုပ်မှုအပေါ်ကိုလည်း သက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ရာ အစိုးရအနေဖြင့် အရေးအတွက်အရ ကန့်သတ်မှုအချို့ကို လုပ်ဆောင်သင့်ကြောင်း ပြောဆိုပါသည်။

အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံလုပ်ငန်းရှင်များအသင်း (IPGA) မှ ဒုတိယဥက္ကဋ္ဌ Mr Bimal Kothari က ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲမျိုးစုံ၏ ဈေးနှုန်းများသည် လွန်ခဲ့သော ၃ – ၄ လကပင် အတန်အသင့်တည်ငြိမ်မှုရရှိနေပြီဖြစ်ကြောင်း၊ လက်ရှိကာလ၌ကုလားပဲဈေးနှုန်းမှာ အစိုးရကအနိမ့်ဆုံးဈေးပေးဝယ်ယူမည့်အခြေခံရည်ညွှန်းဈေးနှုန်း (MSP)၏အောက်သို့ကျဆင်းလျက်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံတို့မှာ MSP ဈေးနှုန်းဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြည်တွင်း၌စိုက်ပျိုးထားသည့် ပဲစင်းငုံများကို နေရာဒေသများစွာတွင် ရိတ်သိမ်းခဲ့ပြီဖြစ်ပြီး ဒေသအချို့၌သာ ရိတ်သိမ်းဆဲအခြေအနေတွင်ကျန်ရှိကြောင်း၊ နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးရွာသည်းထန်စွာသွန်းမှုကြောင့် ပဲစင်းငုံ စိုက်ခင်းများ ထိခိုက်ပျက်စီးမှုရှိကြောင်း၊ ရှေ့လာမည့် ၃ လတာအတွင်း နိုင်ငံတကာဈေးကွက်၌ အကန့်အသတ်ဖြင့်သာ ပဲစင်းငုံ ရရှိနိုင်ဖွယ်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံထံမှ ပဲစင်းငုံအသစ်များ တင်သွင်းရရှိမှုမှာ တန်ချိန် ၁ ဒသမ ၅ သိန်း ထက်ပိုမိုနိုင်ဖွယ်မရှိဟုခန့်မှန်းထားကြောင်း၊ ဒုတိယအရင်းအမြစ်ဈေးကွက်ဖြစ်သော အာဖရိကဒေသမှပဲစင်းငုံအမြောက်အများကို လွန်ခဲ့သော ၄ လအတွင်း တင်သွင်းထားခဲ့ပြီးဖြစ်ရာ ၎င်းဒေသမှ ကုန်လက်ကျန်တန်ချိန် ၂၅၀၀၀ မှ ၅၀၀၀၀ အထိသာ ထပ်မံတင်သွင်းနိုင်ဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်မှာ တည်ငြိမ်မှုဆက်လက်ရရှိနေမည်ဖြစ်ပြီး ဈေးနှုန်းများ မြင့်တက်ဖွယ်မရှိသကဲ့သို့ ဈေးနှုန်းများ အလွန်အမင်းကျဆင်းလိမ့်မည်မဟုတ်ကြောင်း၊ မတ်ပဲဈေးကွက်သည်လည်း အလားတူ အခြေအနေရှိကြောင်း၊ မတ်ပဲရိတ်သိမ်းချိန်၌ မိုးများမှုကြောင့် ထိခိုက်ပျက်စီးမှု ကြီးမားစွာဖြစ်ပေါ်ခဲ့သော်လည်း အစိုးရ၏ စီမံဆောင်ရွက်မှုများအရ မြန်မာနိုင်ငံထံမှ တန်ချိန် ၅ သိန်းမှ ၆ သိန်းအထိ ဝယ်ယူတင်သွင်းနိုင်မည်ဟုခန့်မှန်းရကြောင်း၊ လာမည့် ၃ လတာအတွင်း ပြည်တွင်းစိုက်ပျိုးမှုမှလည်း မတ်ပဲအသစ်များ ဈေးကွက်ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မတ်ပဲဈေးကွက်မှာ တည်ငြိမ်မှုရရှိနေမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း MSP နှုန်းထားဝန်းကျင်၌သာရှိမည်ဟု ခန့်မှန်းရကြောင်း၊ အစိုးရ၏ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ကာလတိုးမြှင့်ခဲ့မှုမှာ အသိအမြင်ရှိစွာဖြင့်ကြိုတင်စီမံ ဆောင်ရွက်မှု တစ်ရပ်ပင်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။

တန်ဇန်နီးယားနိုင်ငံ ပဲမျိုးစုံကွန်ယက် (Tanzania Pulses Network) ၌ တွဲဖက် ပူးပေါင်း ဆောင်ရွက်ရေးမှူးအဖြစ် တာဝန်ယူလျက်ရှိသော Mr Zirack Andrew က အိန္ဒိယအစိုးရ၏ ပဲများလွတ်လပ်စွာ တင်သွင်းခွင့်ကာလ တိုးမြှင့်ကြောင်းကြေညာချက်မှာ ၎င်းတို့အတွက် သတင်းကောင်းပင်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏နောက်၌ အိန္ဒိယ၏ တတိယမြောက် ပဲအများဆုံး တင်သွင်းရာနိုင်ငံအဖြစ် ရောက်ရှိလာခဲ့သော တန်ဇန်နီးယားရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်၍ စီးပွားရေးလုပ်ဆောင်ရန်ယုံကြည်မှုကို ပြန်လည်မြှင့်တင်ရာ၌ အထောက်အကူပြုကြောင်း ပြောဆိုပါသည်။

မြန်မာနိုင်ငံ၌ ပဲမျိုးစုံတင်ပို့မှုကို လုပ်ဆောင်လျက်ရှိသော OATA ကုန်သည်အသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr Vatsal Lilani ကလည်း အိန္ဒိယအစိုးရ၏ ယခုလုပ်ဆောင်ချက်သည် ကုန်သွယ်မှုလုပ်ငန်းများ တည်ငြိမ်မှုရရှိစေသကဲ့သို့ စဉ်ဆက်မပြတ်ကုန်စည်ပို့ဆောင်နိုင်ရေးအတွက်လည်း အထောက်အပံ့ပြုကြောင်း၊ ထို့အပြင် အိန္ဒိယနှင့် ပဲတင်ပို့သည့်နိုင်ငံများ၌ ဈေးနှုန်း

တည်ငြိမ်မှုကို လည်း သေချာခိုင်မာစေကြောင်း၊ အိန္ဒိယအာဏာပိုင်များ၏ ယခုကဲ့သို့ လက်တွေ့ကျသော ကုန်သွယ်ရေးမူဝါဒ ချမှတ်ဖော်ဆောင်မှုကို မြန်မာကုန်သည်အသိုင်းအဝိုင်းကလည်း ဝမ်းမြောက် စွာ ကြိုဆိုကြောင်းဖြင့် ပြောဆိုပါသည်။

Source: 1. Notification No. S.O. 5317(E) dated 20th December 2021 of the Department of Commerce of India

2. Notification No. S.O. 5318(E) dated 20th December 2021 of the Department of Commerce of India

3. Govt extends import window for pulses; growers fear inflow of cheaper produce, 21-12-2021, Hindu Business Line

4. Govt allows import of moong, urad and tur to continue without quantitative restrictions, 21-12-2021, Hindu Business Line

Source: နေအေးလွင်-စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## စင်ကာပူတွင် ဒေါ်လာ ၁ ဒသမ ၁၅ သန်း သုံးစွဲထားတဲ့ ကျောက်ပုစွန်မွေးမြူရေး ဖြစ်ထွန်းအောင်မြင်

စင်ကာပူတွင် စားသုံးသည့် စားသောက်ကုန်အမျိုးမျိုးတို့၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းသည်။ သွင်းကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချရန် တဖြည်းဖြည်း ကြိုးပမ်းနေပြီး 30 by 30 စီမံချက်ကို ရေးဆွဲထားသည်။ ဆိုလိုသည်မှာ ၂၀၃၀ ခုနှစ်တွင် စားသုံးသည့် စားနပ်ရိက္ခာ၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်းမှာ ထုတ်လုပ်ရန် ရည်မှန်းထားသည်။

မွေးမြူရေးကဏ္ဍတွင် ကျောက်ပုစွန်မွေးမြူရေးလုပ်ကိုင်သည့် Singapore Crawfish ကုမ္ပဏီသည် လုပ်ငန်းကို ၂၀၁၈ တွင်စတင်ခဲ့သည်။ ကျောက်ပုစွန် အရှင်လတ်လတ်ဆတ်ဆတ်များကို စင်ကာပူအနှံ့ဖြန့်ချီသည်။ သူနှင့် သူ၏ကျောင်းသားများလုပ်ကိုင်ခဲ့သော သုတေသနပရောဂျက်တစ်ခု၏ အပိုင်းတစ်ခုအနေဖြင့် Desmond သည် အပင်များ၊ တိရစ္ဆာန်များနှင့် ပင်လယ်စာအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခဲ့ရာမှ ကျောက်ပုစွန်မွေးမြူခြင်းသည် အမြတ်အစွန်းအရရှိဆုံး မွေးမြူရေးတစ်ခုဖြစ်ကြောင်းသိရှိခဲ့သည်။ မွေးမြူရန် မခဲယဉ်းကြောင်းလည်း သိရသည်။

ကျောက်ပုစွန်သည် မျိုးပွားနှုန်းမြင့်မားသည်။ သေဆုံးနှုန်းအလွန်အမင်းနည်းသည်။ နိုင်ငံတကာဝယ်လိုအားမြင့်မားသည်။ သို့ဖြစ်ရာ ကျောက်ပုစွန်မွေးမြူဖို့ သူဆုံးဖြတ်ပြီး လက်တွေ့အကောင်အထည်ဖော်ခဲ့သည်။ Desmond သည် မားကက်တင်းပညာရပ်ဖြင့် ဘွဲ့ရခဲ့သူဖြစ်သည်။ ဈေးကွက်တင်သည့်အပိုင်းကို သူသိသော်လည်း ကျောက်ပုစွန်မွေးမြူရေးကို သူမသိသဖြင့် လုံးစေ့ပတ်စေ့သိအောင် လေ့လာသင်ယူသည်မှာ ၅ နှစ် အချိန်ပေးခဲ့သည်။ ထိုနောက် ကျောက်ပုစွန်မွေးမြူရေးကို စင်ကာပူဒေါ်လာ ၁ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခဲ့သည်။ ရင်ဆိုင်ရသည့် အခက်အခဲမှာ မွေးမြူရေးကန်များအတွက် မြေဧရိယာအလုံအလောက်မရနိုင်ခြင်းဖြစ်သည်။ "အစိုးရက များသောအားဖြင့် ကုမ္ပဏီကြီးတွေကိုပဲမြေပေးတယ်။ အသေးစားနဲ့အလတ်စားလုပ်ငန်း SME တွေကို မြေပေးဖို့နည်းနည်းပါးပါးပဲကူညီပါတယ်"ဟု Desmond က ပြောပြသည်။ နောက်ထပ် အခက်အခဲမှာ ငှားရမ်းခနှင့်လုပ်သားခ မြင့်မားခြင်းဖြစ်သည်။ "စင်ကာပူ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်တဲ့အခါ ရမယ့်အမြတ်ရဲ့ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းကို ငှားရမ်းခနဲ့ လုပ်သားခအတွက် သုံးရတယ်" ဟု သူကပြောပြသည်။

စင်ကာပူသည့် မြို့နိုင်ငံဖြစ်သဖြင့် မြေရှားပါးသည်။ အိမ်နီးနားချင်းနိုင်ငံများကဲ့သို့ မြေနေရာကျယ်ကျယ်ဝန်းဝန်း မရနိုင်ပေ။ Desmond နှင့် သူ့အဖွဲ့သည် နေရာကျဉ်းကျဉ်းဖြင့် ကျောက်ပုစွန်များများစားစား ထုတ်လုပ်နိုင်အောင် နည်းလမ်းရှာကြံကာ လုပ်ကိုင်ကြရသည်။ နည်းပညာ ဆန်းသစ်တီထွင်ကြရသည်။ ယခုအခါ သူတို့တီထွင်ထားသည့် နည်းပညာများကို မူပိုင်ခွင့်ရယူရန်စီစဉ်နေသည်။ စိတ်ကူးသစ်များကိုလည်း စမ်းသပ်လုပ်ကိုင်လျက်ရှိသည်။ အံ့သြစရာကောင်းသော အောင်မြင်မှုရလဒ်များကိုရရှိနေသည်။ ကျောက်ပုစွန် အလေးချိန်ကို ယခင်ကထက် ၈၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ ပိုတိုးအောင်လုပ်နိုင်ပြီဖြစ်သည်။ ဥအရေအတွက်ကိုလည်း ၁၅၀ မှ ၂၀၀ ရာခိုင်နှုန်းအထိ တိုးအောင်လုပ်နိုင်ပြီဖြစ်သည်။ သေဆုံးနှုန်းကိုလည်း ၂၅ ရာခိုင်နှုန်းအောက်မှာ ဖြစ်နေအောင် ထိန်းပေးထားနိုင်ပြီ ဖြစ်သည်။

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4166-singapore-crawfish-high-tech-farming.html?

## အိန္ဒိယနိုင်ငံ၌ ပဲပုပ်ဆီကြိတ်ဖတ်အား အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လျက် သိုလှောင်နိုင်ခွင့် ကန့်သတ်ခြင်း

အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် အရေးကြီးကုန်စည်များအက်ဥပဒေကို ကျင့်သုံးလျက် ကုန်ထုတ်လုပ်မှု၊ သိုလှောင်မှု နှင့် ဖြန့်ဖြူးမှုလုပ်ငန်းများကို ထိန်းသိမ်းကြပ်မတ်

နိုင်ရန်အလို့ငှာ ပဲပုပ်ဆီကြိတ်ဖတ်အား ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အရေးကြီး ကုန်စည်အဖြစ် သတ်မှတ်လိုက်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ် S.O. 5369(E) ကို ၂၃-၁၂-၂၀၂၁ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ အိန္ဒိယပြည်တွင်းဈေးကွက်၌ အဓိက တိရစ္ဆာန်မွေးမြူရေးအစားအစာ ဖြစ်သော ပဲပုပ်ဆီကြိတ်ဖတ်၏ ဈေးနှုန်းများကို လျော့ချနိုင်ရန် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ယခု ဆုံးဖြတ်ချက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအား ပဲပုပ်ဆီကြိတ်ဖတ် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကိုကြပ်မတ်ရန် အခွင့်အာဏာရရှိစေမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းကုန်စည်ရရှိနိုင်မှုနှင့်ရောင်းဝယ် ဖောက်ကား မှုတို့ကို လွယ်ကူချောမွေ့စေမည်ဖြစ်သကဲ့သို့ သင့်တင့်မျှတမှုမရှိသော ဈေးကွက်အလေ့အထများကိုလည်း တားဆီးနိုင်မည် ဖြစ်ကြောင်း ဖော်ပြပါသည်။

တစ်ဆက်တည်းမှာပင် အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနသည် ပဲပုပ်ဆီကြိတ်ဖတ်များ လက်ဝယ် သိုလှောင်ထားရှိ နိုင်ခွင့်ပမာဏကို ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ကန့်သတ်သည့် အမိန့် ( Soya Meal Stock Control Order, 2021) ကို ၂၃-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် S.O. 5370(E) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်အရ ကြိတ်ခွဲထုတ်လုပ်/ ပြုပြင်သူများအနေဖြင့် ၎င်းတို့၏ ၁ ရက်တာ ကြိတ်ခွဲထုတ်လုပ်နိုင်မှု စွမ်းအားအပေါ်အခြေပြု၍ အများဆုံး ရက်ပေါင်း ၉၀ အတွက် သုံးစွဲရန်လိုအပ်သော ပဲပုပ်ဆီကြိတ်ဖတ် ပမာဏကိုသာ သိုလှောင်ထားရှိနိုင်မည်ဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာ၌ ကုန်သွယ်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိသည့် ကုမ္ပဏီများ၊ ကုန်သည်များအနေဖြင့် အများဆုံး တန်ချိန် ၁၆၀ အထိ သိုလှောင်နိုင် ကြောင်း၊ လုပ်ငန်းရှင်များသည် ပဲပုပ်ဆီကြိတ်ဖတ်များအား မည်သည့်နေရာဒေသတွင် သိုလှောင်ထားရှိသည်ကို ထုတ်ဖော် ကြေညာရမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိလက်ဝယ်၌ ပဲပုပ်ဆီကြိတ်ဖတ်ပမာဏသည် သတ်မှတ် ပြဋ္ဌာန်းချက်ထက်ပိုမိုလျက် ရှိပါက စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာဦးစီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော http://evegoils.nic.in/ soya_meal _Stock/login သို့ ထုတ်ဖော်ကြေညာရလျက် ရက်ပေါင်း ၃၀ အတွင်း ယခုအမိန့်စာပါ ပမာဏသို့ လျော့ချသိုလှောင်ရမည် ဖြစ်ကြောင်း၊ ထိုသို့ အင်တာနက်စာမျက်နှာ၌ တင်ပြထားသည့် ပဲပုပ်ဆီကြိတ်ဖတ် သိုလှောင်မှု အချက်အလက်များကို အိန္ဒိယ တိရစ္ဆာန်မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းဦးစီး ဌာနက ပုံမှန်ကြပ်မတ်စစ်ဆေးလျက် လိုအပ်သကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသော အိန္ဒိယ ပဲပုပ်ဆီကြိတ်ဖတ်များအပေါ် ပြည်ပမှ ဝယ်လိုအား များပြားမှု နှင့်အတူ ပဲပုပ်စေ့ဈေးနှုန်းများ မြင့်တက်လာခြင်းက ပြည်တွင်း၌ ပဲပုပ်ဆီ ကြိတ်ဖတ် ဈေးနှုန်းများကိုလည်း ၂၀၂၁ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း ၆၀ ရာခိုင်နှုန်းကျော်အထိ တစ်ဟုန်ထိုးမြင့်တက်လာစေခဲ့သည်။ မွေးမြူရေးကဏ္ဍမှ လုပ်ငန်းရှင်များ၏ တောင်းဆိုမှုအရ အိန္ဒိယအစိုးရသည် မျိုးရိုးဗီဇ ပြုပြင်ထုတ်လုပ်ထားသည့် ပဲပုပ်ဆီကြိတ်ဖတ် တန်ချိန် ၁ ဒသမ ၂ သန်း ကို ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့ရာ ဒီဇင်ဘာလအထိ တန်ချိန် ၀ ဒသမ ၈ သန်းခန့်ကို သာ တင်သွင်းထား ပြီးဖြစ်သည်။ ထိုသို့ တင်သွင်းခွင့်ပြုထားသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲပုပ်ဆီကြိတ်ဖတ်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ၁၇-၁၂-၂၀၂၁ နေ့ရှိ ဈေးနှုန်းမှာ ယခင်နှစ် ကာလတူထက် ၆၁ ရာခိုင်နှုန်းပိုမိုလျက်ရှိသည်။ အိန္ဒိယ ပဲပုပ်ဆီ ကြိတ်ခွဲထုတ်လုပ်မှု နယ်ပယ်မှ အချက် အလက်များအရ ၂၀၂၀-၂၁ ခုနှစ်၌ ပြည်ပသို့ မျိုးရိုးဗီဇ ပြုပြင်ထားခြင်းမရှိသော ပဲပုပ် ဆီကြိတ်ဖတ် တန်ချိန် ၁ ဒသမ ၅၆ သန်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။

Source: 1. Notification No. S.O. 5369(E) dated 23rd December 2021 of the Department of Food and Public Distribution of India

2. Order No. S.O. 5370(E) dated 23rd December 2021 of the the Department of Food and Public Distribution of India

3. Govt imposes stock holding limits on soymeal till June 2022 to tame prices, 25-12-2021, Business Standard

Source: နေအေးလွင်-စီးပွားရေးသံမှူး

## SelectUSA’s Investment Summit တက်ရောက်လိုသူများ စာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း အသိပေးခြင်း

အမေရိကန်နိုင်ငံတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် SelectUSA’s Investment Summit ကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ မယ်ရီလန်းပြည်နယ်၊ National Harbor ရှိ Gaylord National Resort & Convention Center တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေနှင့် စာရင်းသွင်းနိုင်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝဘ်ဆိုဒ်တွင် ဖော်ပြထားပါသည်။

အဆိုပါ SelectUSA's Investment Summit သည် အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အကြီးဆုံးဆွေးနွေးပွဲဖြစ်သကဲ့သို့ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများနှင့် အမေရိကန် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများအကြား တိုက်ရိုက် ချိတ်ဆက်နိုင်ကာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာအကြောင်း ဝေမျှနိုင်ပြီး အမေရိကန် နိုင်ငံအတွင်း အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်သည့်အပြင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့်လည်း အမေရိကန်မှ စီးပွားရေးလုပ်ငန်းများ၊ ဖယ်ဒရယ်နှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ နှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခွင့်ရရှိပြီး အမေရိကန်လုပ်ငန်းရှင်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှုများကို တွေ့ဆုံဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

SelectUSA's 2022 Summit တွင် ပါဝင်တက်ရောက်သူများကို အဆင့်မြင့်ဘဏ္ဍာရေးများ၊ စွမ်းအင်သိုလှောင်မှု၊ မြို့ပြ နျူကလီးယားစွမ်းအင်၊ ကမ်းလွန်လေစွမ်းအင်နှင့် တစ်ဝက်တစ်ပျက်လျှပ်ကူးပစ္စည်းများစသည့် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍ များအတွက် သီးသန့်အစီအစဉ်တွင်လည်း ပါဝင်တက်ရောက်ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။ ဆွေးနွေးပွဲဆိုင်ရာ သတင်းအချက် အလက်များနှင့် ဆွေးနွေးပွဲ တက်ရောက်ခနွန်းထားများအား www.selectusasummit.us တွင် ဝင်ရောက် ကြည့်ရှုနိုင်ပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ online မှသော်လည်းကောင်း တက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း ဖော်ပြ ထားပါသည်။

Source: ခင်မြမြထွေး-စီးပွားရေးသံမှူး-အမေရိကန်

## ဩစတြေးလျနိုင်ငံနှင့်ဗြိတိန်တို့ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

ဩစတြေးလျနိုင်ငံသည် ၁၇.၁၂.၂၀၂၁ ရက်နေ့တွင် ဗြိတိန်နှင့် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် (Australia-United Kingdom Free Trade Agrement)တို့လက်မှတ်ရေးထိုးလိုက်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်ပါသည်။

သတင်းထုတ်ပြန်ချက်တွင် အဆိုပါသဘောတူညီချက်သည် ဩစတြေးလျပို့ကုန်များကို ဗြိတိန်တွင် ဈေးနှုန်းသက်သာ စွာဖြင့်ရရှိနိုင်မည်ဖြစ်ပြီး၊ အလုပ်သမား၊ လူငယ်များနှင့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးကာ နှစ်နိုင်ငံကြား အထူးဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ ဩစတြေးလျနိုင်ငံအတွက် နယူးဇီးလန်နိုင်ငံနှင့် ချုပ်ဆို ထားသည့် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်မှအပ ယခုဗြိတိန်နှင့်ချုပ်ဆိုလိုက်သည့် သဘောတူစာချုပ်သည် ပြည့်စုံမှု အရှိဆုံးနှင့် ရည်မှန်းချက်အကြီးမားဆုံး သဘောတူစာချုပ်ဖြစ်ပါကြောင်း၊ စီးပွားရေးတိုးတက်မှုနှင့်နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေသည့်တွန်းအားတစ်ခုအဖြစ် လွတ်လပ်စွာကုန်သွယ်မှုပြုလုပ်ရန် နှစ်နိုင်ငံလုံး၏ ကတိကဝတ်များကို ပြသခြင်း ဖြစ်ပါကြောင်း၊ ဖော်ပြပါရှိပါသည်။

နှစ်နိုင်ငံအကြားချုပ်ဆိုလိုက်သည့် သဘောတူစာချုပ်အရ ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

(က) သဘောတူစာချုပ်စတင်သက်ဝင်သည်နှင့် ပို့ကုန်တင်ပို့သူများသည် ဗြိတိန်သို့ တင်ပို့သည့် ဩစတြေးလျ ပို့ကုန်စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းကျော်၊ တန်ဖိုးအားဖြင့် ဩစတြေးလျ ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံကျော်၏ အကောက်ခွန်နှုန်းထား ပယ်ဖျက်သည့်အကျိုးကျေးဇူးရရှိနိုင်ခြင်း၊

(ခ) ဩစတြေးလျစိုက်ပျိုးမွေးမြူသူများသည် ဘေးကင်းသော ထောက်ပံ့မှုရေရှည်တည်တံ့သော အစားအစာများ နှင့် အဖျော်ယမကာများကို တန်ဖိုးထားသည့် ဗြိတိန်စားသုံးသူ ၆၅ သန်းအတွက် ဈေးကွက်ဝင်ခွင့်ရရှိနိုင်ခြင်း၊

(ဂ) ဗြိတိန်မှတင်သွင်းလာသော ကားများ၊ ဝီစကီ၊ မုန့်များ၊ ဘီစကစ်နှင့်အလှကုန်များကဲ့သို့သော ကုန်စည်များ၏ အကောက်ခွန်နှုန်းထားများကို (၅) နှစ်အတွင်း လျှော့ချပယ်ဖျက်သွားမည် ဖြစ်ရာ ဩစတြေးလျအိမ်ထောင်စု များနှင့် စီးပွားရေးလုပ်ငန်းများသည် တစ်နှစ်လျှင် ဩစတြေးလျဒေါ်လာ သန်း ၂၀၀ ခန့်သက်သာနိုင်ခြင်း၊

(ဃ) ကျွမ်းကျင်ပညာရှင်များသည် အိုင်ယာလန်သမ္မတနိုင်ငံမှလွဲ၍ ၎င်းတို့၏ ဥရောပပြိုင်ဘက်များ ကဲ့သို့ ဗြိတိန်၏ အကျိုးအမြတ်များသောအလုပ်အကိုင်များ ဈေးကွက်သို့ တူညီစွာဝင်ရောက်ခွင့်ရရှိနိုင်ခြင်း၊ ဩစတြေးလျ အလုပ်အကိုင်ရှာဖွေသူများသည် ဗြိတိန်ရှိ အီးယူနိုင်ငံသားများနှင့် နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံး အကြိမ် တူညီစွာယှဉ်ပြိုင်နိုင်သည့် အခွင့်အရေးရရှိခြင်း၊

(ဃ) လူငယ်များသည် ကာလတိုအလုပ်လုပ်ကိုင်ခြင်း (Working Holiday) အတွက် ဗြိတိန်သို့ ခရီးသွားရန် အချိန်ပိုမိုရရှိနိုင်ပြီး၊ အချိန်ကြာမြင့်စွာနေနိုင်သည့်အပြင် အသက် ၃၀ နှစ်မှ ၃၅ နှစ်အထိ လူရွယ်များသည် ကာလတိုအလုပ်လုပ်ခွင့်နှင့် နိုင်ငံတစ်နိုင်ငံလျှင် ၃ နှစ်အထိ နေထိုင်ခွင့်ရရှိနိုင်ခြင်း၊

(စ) သြစတြေးလျစီးပွားရေးလုပ်ငန်းရှင်များသည် ဝယ်ယူရေးဈေးကွက်တွင် ဒေါ်လာ ထရီလီယံဝက်ခန့်တန်သော ဗြိတိန်အစိုးရ၏ စာချုပ်စာတမ်းအမျိုးအစားအစုံကို နှစ်စဉ်လေလံဆွဲရန် အာမခံချက်ရှိခြင်း၊

(ဆ) လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ ချိတ်ဆက်မှုကို လွမ်းမိုးနိုင်စေရန် သြစတြေးလျတွင် ဒေသတွင်းရုံးချုပ်ကို တည်ထောင်ရန်အပါအဝင် အကောင်းဆုံးလက်တွေ့ကျသော ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများကြောင့် ဗြိတိန်စီးပွားရေးလုပ်ငန်းများကို သြစတြေးလျတွင် ရင်းနှီးမြှုပ်နှံရန် တွန်းအားပေးနိုင်ခြင်း၊

နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်မှာ ၂၀၂၂ ခုနှစ်အတွင်း သက်ဝင်မည်ဖြစ်ပြီး၊ စတင်သက်ဝင်သည်နှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု၏ ၇၅ ရာခိုင်နှုန်းခန့်မှာ သဘောတူစာချုပ်တွင်အကျုံးဝင်မည်ဖြစ်ရာ အကောက်ခွန်သက်သာခွင့်မှာ သြစတြေးလျဒေါ်လာ ၂ ဒသမ ၉ ဘီလီယံအထိ ရရှိမည်ဖြစ်ပါသည်။ အကောက်ခွန်လျှော့ချမှု အစီအစဉ်ဇယားအရ အရေးကြီးကုန်စည်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအနက် အမဲသား၊ သိုးသားနှင့် သကြားတို့ကို Tariff Rate Quota (TRO) တန်ချိန်များ သတ်မှတ်ထားပြီး၊ အမဲသား၊ သိုးသားတို့၏ အကောက်ခွန်နှုန်းထားများကို သဘောတူစာချုပ် စတင်သက်ဝင်ပြီး ၁၀ နှစ် နောက်ပိုင်းနှင့် သကြား၏ အကောက်ခွန်နှုန်းထားကို ၈ နှစ်ကြာမှသာ ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။

ယခုဗြိတိန်နိုင်ငံနှင့် လက်မှတ်ရေးထိုးလိုက်သည့် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်မှာ သြစတြေးလျနိုင်ငံ၏ ၁၇ ခုမြောက် လွတ်လပ်သော ကုန်သွယ်မှုဒေသဖြစ်လာမည်ဖြစ်ပြီး၊ ဗြိတိန်အတွက်လည်း အီးယူမှ ထွက်ခွာလာပြီးနောက် ပထမဦးဆုံးလက်မှတ်ရေးထိုးသည့် သဘောတူစာချုပ်ဖြစ်ပါသည်။ သဘောတူစာချုပ်သည် ဗြိတိန်၏ GDP ကို သြစတြေးလျဒေါ်လာ ၉၀၀ ဘီလီယံခန့် မြင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် သြစတြေးလျနိုင်ငံ၏ စီးပွားရေးအတွက် သြစတြေးလျဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအထိ စီးပွားရေးအကျိုးအမြတ်ရရှိနိုင်ကြောင်း ခန့်မှန်းထားပြီး၊ နှစ်နိုင်ငံလုံးအတွက် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများတွင် အခွင့်အလမ်းသစ်များရရှိနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

Source: ရှင်စောသု- စီးပွာရေးသံမှူး-သြစတြေးလျနိုင်ငံ

## ကွမ်တုန်းပြည်နယ်သည် ပြည်ပသိုလှောင်ရုံ ၅၀၀ ခန့်ကို ၂၀၂၅ ခုနှစ်နောက်ဆုံးထားကာ တည်ဆောက်သွားမည်

တရုတ်နိုင်ငံ၏ အကြီးဆုံးအဓိက ပြည်ပကုန်သွယ်ရေးအချက်အချာဖြစ်သည့် ကွမ်တုန်းပြည်နယ်သည် ၂၀၂၅ ခုနှစ်နောက်ဆုံးထားကာ ပြည်ပကုန်လှောင်ရုံပေါင်း ၅၀၀ ခန့်ကို တည်ဆောက်ကာ နိုင်ငံဖြတ်ကျော် e-commerce အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုမြင့်တင်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကွမ်တုန်းသတင်းဌာန၏ သတင်းစာမျက်နှာ၌ ဖော်ပြထားပါသည်။

ကွမ်တုန်းပြည်နယ်သည် နိုင်ငံဖြတ်ကျော် e-commerce ကဏ္ဍတွင် နှစ်စဉ်ပြည်ပကုန်သွယ်မှု ပမာဏ ၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၇၈၅ သန်း) တန်ဖိုးရှိသည့် e-commerce ကုမ္ပဏီပေါင်း ၂၀ ခုဖြင့်လည်းကောင်း၊ ယွမ် ၁၀ ဘီလီယံကျော်တန်ဖိုးရှိသည့် အခြားလုပ်ငန်း ၁၀ ခုဖြင့်လည်းကောင်း ကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော် e-commerce လုပ်ငန်းတွင် ပို့ကုန်၊ သွင်းကုန် ပမာဏ နှစ်ဆတိုးတက်လာစေရန် ရည်ရွယ်လျက် နိုင်ငံဖြတ်ကျော် e-commerce စက်မှုဇုန်များကို ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကွမ်တုန်းပြည်နယ်သည် နိုင်ငံဖြတ်ကျော် e-commerce လုပ်ငန်းဖြင့် ရောင်းချသူ ၁၀၀ မှ နှစ်စဉ် ယွမ် သန်း ၁၀၀ ကျော် တန်ဖိုးကိုလည်းကောင်း၊ နယ်စပ်ဖြတ်ကျော် e-commerce ကုန်အမှတ်တံဆိပ်ပေါင်း ၁၀၀ မှ နှစ်စဉ် ယွမ်သန်း ၁၀၀ ကျော် တန်ဖိုးကိုလည်းကောင်း ၂၀၂၅ နောက်ဆုံးထားကာ ရောင်းချသွားနိုင်ရေးကို မျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ကွမ်တုန်းပြည်နယ်အစိုးရသည် စုစုပေါင်း အကျယ်အဝန်း စတုရန်းမီတာ ၄ သန်းတွင် ပြည်ပသိုလှောင်ရုံပေါင်း ၅၀၀ ကို တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီး အရည်အသွေးမြင့်မားသည့် ပြည်ပကုန်လှောင်ရုံကွန်ရက်များကို ပေါ်ပေါက်လာစေရန် တဖြည်းဖြည်းအကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source: ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး-နန်နင်းမြို့

## ဂျပန်နိုင်ငံသည် ၁၇ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးအမြင်ကို အဆင့်မြှင့်တင်ခဲ့

ဂျပန်နိုင်ငံပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလာမှုအနေအထား ပိုမိုကောင်းမွန်လာသောကြောင့် စားသုံးသူများနှင့်ကုမ္ပဏီများသည် ဒီဇင်ဘာလတွင် ၁၇ လအတွင်း စီးပွားရေးကဏ္ဍအပေါ် ဘက်စုံအကဲဖြတ်ချက်ကို ပထမဆုံးအကြိမ်အဖြစ် မြှင့်တင်ခဲ့ကြောင်းသိရပါ သည်။

အစိုးရအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ ပေးခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကသုံးစွဲမှုနှင့် လုပ်ငန်းအခြေအနေများအပေါ် တိုးတက်မှုရှိကြောင်း သုံးသပ်သည့် ၎င်းတို့အမြင်များကို ထုတ်ဖော်ပြောကြားခဲ့သော်လည်း ကုန်ထုတ်လုပ်ငန်းတွင်ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်ဆိုင်ရာ ကန့်သတ်ချက်များနှင့် မြင့်တက်လာသည့် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများကြောင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် အကျပ်အတည်းများကိုလည်း သတိပြုရန် သုံးသပ်ခဲ့ပါသည်။

ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၏ တတိယသုံးလပတ်မှ စီးပွားရေးအနေအထားသည် ကနဦးခန့်မှန်းထားသည်ထက် အနည်းငယ်ပိုမို တိုးတက်လာပါသည်။ သို့သော် ပြီးခဲ့သည့် စက်တင်ဘာလကုန်တွင် ကူးစက်ရောဂါထိန်းချုပ်မှု အစီအမံများကိုရုပ်သိမ်းပြီးနောက် ၂၀၂၁ ခုနှစ်၏ နောက်ဆုံးသုံးလပတ်တွင် စီးပွားရေးပြန်လည်ကောင်းမွန်လာရန် စီးပွားရေးပညာရှင်များက မျှော်လင့်ထားပါသည်။ ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှုကြောင့် ဆိုးရွားသည့်အခြေအနေများ တဖြည်းဖြည်း လျော့ပါးလာသည်နှင့်တပြိုင်နက် ဂျပန်၏စီးပွားရေးသည် တိုးတက်သည့် အရိပ်အယောင်များတွေ့မြင်လာရကြောင်း ဒီဇင်ဘာလအတွက် စီးပွားရေးအစီရင်ခံစာတွင်သုံးသပ်ထားကြောင်း၊ သို့သော် စီးပွားရေးနှင့်ဘဏ္ဍာရေးဈေးကွက်များအပေါ် Omicron ကဲ့သို့သော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်များ၏သက်ရောက်မှုအန္တရာယ် တစ်စုံတစ်ရာရှိနိုင်ချေကို အနီးကပ်စောင့်ကြည့် လိုအပ်ကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အစိုးရတာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

ပုဂ္ဂလိကသုံးစွဲမှုနှင့်ပတ်သက်၍ စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးနှင့် အခြားကဏ္ဍများစသည့် ဝန်ဆောင်မှုကဏ္ဍများတွင် အခြေအနေများ တိုးတက်ကောင်းမွန်လာခြင်းအပြင် ထောက်ပံ့မှုကန့်သတ်ချက်များ ဖြေလျှော့မှုများနောက်ပိုင်းတွင် မော်တော်ကားရောင်းအားများ ပြန်လည်ကောင်းမွန်လာခြင်းတို့ကြောင့် အစိုးရအနေဖြင့် စားသုံးမှုအပိုင်းအကဲဖြတ်ချက်ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်းဟု အစိုးရအရာရှိတစ်ဦးက အစီရင်ခံစာကို အတည်မပြုမီတွင် သတင်းထောက်များအား ပြောကြားခဲ့ပါသည်။

ဂျပန်ဗဟိုဘဏ် (Bank of Japan)၏ သုံးလပတ် Tankan စစ်တမ်းတွင် ဂျပန်နိုင်ငံ၏ဝန်ဆောင်မှုကဏ္ဍ အနေအထားသည် နှစ်နှစ်တာအတွင်း အမြင့်ဆုံးအနေအထားသို့ တိုးတက်ကောင်းမွန်လာသည့်အတွက် ပြည်တွင်းစီးပွားရေး အခြေအနေများအပေါ် အစိုးရ၏အမြင်ကိုလည်း အဆင့်မြှင့်တင်ခဲ့ပါသည်။ ထို့အပြင် အလုပ်ခန့်အပ်မှုများတိုးတက်လာခြင်းကြောင့် ၁၅ လအတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရအနေဖြင့် အလုပ်အကိုင် အကဲဖြတ်ချက်ကို မြှင့်တင်ခဲ့ကြောင်း သိရပါသည်။

ဂျပန်အစိုးရသည် ၁၃ လအတွင်း ပထမဆုံးအကြိမ်အဖြစ် ငွေလုံးငွေရင်းအသုံးစရိတ်အပေါ် သုံးသပ်ချက်အမြင်ကို အဆင့်လျှော့ချခဲ့ပါသည်။ အထူးသဖြင့် ဆော့ဖ်ဝဲရင်းနှီးမြှုပ်နှံမှုများတွင် ကုမ္ပဏီများ၏ ငွေလုံးငွေရင်းအသုံးစရိတ်သည် နွေရာသီတွင် ကိုရိုနာကူးစက်ရောဂါကူးစက်မှုများပြန်လည်မြင့်မားလာမှုကြောင့် စီးပွားရေးတွေ့ဆုံပွဲအခွင့်အလမ်းများကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် တတိယသုံးလပတ်တွင် တစ်စိတ်တစ်ပိုင်းနှေးကွေးသွားကြောင်း အစိုးရတာဝန်ရှိသူကပြောကြားခဲ့ပါသည်။

ထို့အပြင် အိမ်ယာဆောက်လုပ်မှုနှင့်ပတ်သက်၍လည်း ၂၇ လအတွင်း ပထမဆုံးအကြိမ် အဖြစ် အစိုးရအနေဖြင့် သုံးသပ်ချက်အမြင်များကို အဆင့်လျှော့ချခဲ့ပါသည်။ ပြည်တွင်းစီးပွားရေး လုပ်ငန်းများ ပြန်လည်နာလန်ထူမှုကို ထပ်မံအားဖြည့်ပံ့ပိုးပေးရန် အစိုးရအနေဖြင့် ထပ်ဆောင်း ဘတ်ဂျက်ပမာဏ ဂျပန်ယန်း ၃၁၇ ဘီလီယံကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် လွှတ်တော်မှ အတည်ပြုပေးခဲ့ပါသည်။ ရင်းမြစ်။ https://asia.nikkei.com/

Source: နန္ဒာဝင်း-စီးပွားရေးသံမှူး- မြန်မာသံရုံး၊ တိုကျိုမြို့

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil,Cooking Oil) နှင့် စပ်လျဉ်း၍ ကုန်အညွှန်း အမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁ ပုဒ်မခွဲ(ခ) အရ ဤဥပဒေ၏ အခန်း(၁၈) ပါ ကုန်အညွှန်း အမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက် ဖြစ်သော၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည်။

ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲများမရှိစေရန် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂ / ၂၀၁၉ဖြင့် "ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် "ညွှန်ကြားချက်" ကို ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်နှင့်တကွ ထုတ်ပြန်ပေးခဲ့ပါသည်။ ယင်းညွှန်ကြားချက်၏ အသေးစိတ် စိစစ်ချက်ပါကုန်စည် အုပ်စု ၈ ခုအနက် အစားအသောက်ကုန်စည်အုပ်စုတွင်ပါဝင်သည့် စားသုံးဆီအမျိုးမျိုးနှင့်စပ်လျဉ်း၍ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်းတို့ကို မဖြစ်မနေဖော်ပြရန် လိုအပ်ကြောင်း သတ်မှတ်ထုတ်ပြန်ပြီးဖြစ်ပါသည်။

ယခုအခါ ဈေးကွက်အတွင်းစားသုံးဆီများအနက် အချို့သောစားသုံးဆီများကို ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) ဟူ၍ဖော်ပြပြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်းစိစစ်တွေ့ရှိရပါသည်။ အဆိုပါ "ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil,Cooking Oil)"ဟူသည့်ဖော်ပြချက်သည် ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်တစ်ခုခု၏ အမျိုးအမည်မဟုတ်သည့်အပြင် ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံဖော်ပြထားခြင်းမရှိသော ယေဘုယျဆန်သည့် အမျိုးအမည်တစ်ခုသာဖြစ်သည်။

သို့ဖြစ်ပါ၍ စားသုံးသူများ ထင်ယောင်ထင်မှားမဖြစ်စေရေးနှင့် အခြေခံလိုအပ်ချက်အပေါ်တွင် စိတ်ကျေနပ်မှုရှိစေရေးအတွက် သက်ဆိုင်ရာစီးပွားရေး လုပ်ငန်း ရှင်များအနေဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသည့် ဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) အမျိုးအစားနှင့်စပ်လျဉ်း၍ ကုန်အညွှန်း အမှတ်အသား ဖော်ပြရာတွင်-

(က) ပင်ရင်းပါဝင်ပစ္စည်းကို အခြေခံသောကုန်စည်၏ အမျိုးအမည်ကို တိကျစွာ မြန်မာဘာသာဖြင့်ဖော်ပြရမည်။ (ဥပမာ-ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)၊ ဟင်းသီးဟင်းရွက်ဆီ (အဆင့်မြင့် စားအုန်းဆီ)

(ခ) ကုန်စည်၏ အသားတင်ပမာဏနှင့် အရွယ်အစားတို့အား မြန်မာ့အလေးချိန်ယူနစ်ဖြစ်သော ပိဿာ၊ ကျပ်သားတို့ကို မြန်မာဘာသာဖြင့်ဖော်ပြရမည်။ (ပိဿာ၊ ကျပ်သား)

ဤညွှန်ကြားချက်သည် စတင်ထုတ်ပြန်ပြီး ၆ လပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင် အာဏာသက်ရောက်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက် အပိုဒ် ၄ ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ ကြေညာချက်အမှတ် (၁၅/၂၀၂၁)အား သွင်းကုန်ကြေညာလွှာ တင်သွင်းသူများ သိရှိနိုင်ပါရန်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးထုတ်လုပ်ရာတွင် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများဖြစ်ပြီး ပြည်တွင်း၌ ပမာဏများစွာ ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုအား အကာအကွယ်ပေးရန်နှင့် ပြည်တွင်းဆေးဝါးများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၁၇) ၏ အခန်း (၂၉) နောက်ဆက်တွဲပါ ဆေးဝါးကုန်ကြမ်း (၂၃) လိုင်း၏ အကောက်ခွန်နှုန်းအား လက်ရှိ အကောက်ခွန်နှုန်း (၃ ရာခိုင်နှုန်း) မှ အကောက်ခွန်နှုန်း (သုည ရာခိုင်နှုန်း )သို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လျှော့ချသတ်မှတ်လိုက်ကြောင်း ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄၄ /၂၀၂၁ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမိန့်ကြော်ငြာစာအမှတ် ၅၄၄/၂၀၂၁ ဖြင့် အကျုံးဝင်သော ဆေးဝါးကုန်ကြမ်းများအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ MACCS စနစ်အသုံးပြု၍ သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် အကောက်ခွန် နှုန်း ကင်းလွတ်ခွင့် ရယူနိုင်ရန်အတွက် Customs Duty Exemption Code အဖြစ် ECMD – CD Exemption Code for COVID-19 အား အသုံးပြုရမည်ဖြစ်ပါကြောင်းနှင့် အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အမိန့်ကြော်ငြာစာပါ အကျိုးသက်ရောက်သည့်နေ့ရက်တို့အကြား တင်သွင်းထားသော သွင်းကုန်ကြေညာလွှာများအတွက် အခွန်ဆိုင်ရာလျှော့နည်း/ ပိုမို ကောက်ခံထားပါက ပြန်လည်ပေးအမ်းခြင်းနှင့် ထပ်မံကောက်ခံခြင်း လုပ်ငန်းစဉ်များအား သက်ဆိုင်ရာဌာနခွဲများသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက MACCS ဌာနခွဲ၏ Help Desk Section (01-379429) သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။
အကောက်ခွန်ဦးစီးဌာန
Source: https://www.customs.gov.mm/node/524

## ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာအရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီ

ကမ္ဘာ့အထူးတန်ဝင် အကောင်းဆုံးကော်ဖီတွေ ထုတ်လုပ်တဲ့ နိုင်ငံတွေကတော့ ဘရာဇီး၊ ကိုလံဘီယာ၊ ဒိုမီနီကမ်နဲ့ အီသီယိုးပီးယားနိုင်ငံတွေဘဲ ဖြစ်ပါတယ်။ ထို့အတူ မြန်မာ့ကော်ဖီသမိုင်းကို လေ့လာကြည့်မယ်ဆိုလျှင် ဗြိတိသျှကိုလိုနီခေတ် ၁၈၈၅ ခုနှစ်များဆီကစတင်ပြီး ရိုဗက်စ်စတာကော်ဖီဟာ မြန်မာနိုင်ငံ မြိတ်နှင့်ထားဝယ် ဒေသတွေကိုရောက်ရှိလာခဲ့ပြီး ၁၉၃၀ ခုနှစ်များမှာတော့ ကတ်သလစ်သာသနာပြုအဖွဲ့က အာရေဗီကာကော်ဖီကို ပြင်ဦးလွင်မှာစတင်မိတ်ဆက် စိုက်ပျိုး ခဲ့ကြပါတယ်။ အဲဒါကြောင့် လက်ရှိမြန်မာနိုင်ငံမှာ ကော်ဖီစိုက်ဧကစုစုပေါင်း သုံးသောင်းကျော်ခန့်ရှိပြီး အာရေဗီကာကော်ဖီကို ၈၀ရာခိုင်နှုန်း ခန့်နဲ့ ရိုဗက်စတာ ကော်ဖီကို ၂၀ရာခိုင်းနှုန်းခန့် စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အထူးသဖြင့် ပြင်ဦးလွင်၊ ရွာငံ၊ မိုးကုတ်၊ နောင်ချို၊ သံတောင်ကြီး၊ ဟိုပုံးနဲ့ ပင်လောင်းဒေသတို့ဟာ ကော်ဖီအများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ ဒေသတွေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မြန်မာနိုင်ငံကော်ဖီအသင်းက ကြီးမှူးပြီး နိုင်ငံတကာကော်ဖီပညာရှင်တွေကို ဖိတ်ခေါ်ကာ ကော်ဖီ အရည်အသွေး အကဲဖြတ်အမှတ်ပေးပြိုင်ပွဲကိုကျင်းပခဲ့တာ မြန်မာ့ကော်ဖီ အရည်အသွေးက အမှတ် ၈၉ ပွိုင့်ရရှိခဲ့ပါတယ်။ မိုးကုတ်ကော်ဖီက ၂၀၁၈ ခုနှစ် Coffee Cupping ပြိုင်ပွဲမှာ ပထမဆု ရရှိခဲ့ပြီး ၂၀၁၉ခုနှစ်မှာတော့ ဒုတိယဆု ရရှိခဲ့ပါတယ်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွေကို လေ့လာကြည့်မယ်ဆိုရင် FAO (Food and Agriculture Organization) ရဲ့ ၂၀၁၆ ခုနှစ် စာရင်းဇယားတွေအရ မြန်မာနိုင်ငံက ကော်ဖီထုတ်လုပ်မှုဟာ ၈၄၇၄ တန်နဲ့ ကမ္ဘာမှာ အဆင့် (၃၉) နေရာမှာရှိနေခဲ့ ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံ ထုတ်လုပ်မှုရဲ့ လေးပုံတစ်ပုံ ခန့်သာရှိပါတယ်။ ကော်ဖီထုတ်လုပ်မှုနဲ့ မြန်မာလူမျိုးတွေရဲ့ ပြည်တွင်းသောက်သုံးမှု အလေ့အထတွေက အခြားအာရှနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့လို နိုင်ငံတွေနဲ့ နှိုင်းယှဉ် ကြည့်မယ်ဆိုရင် နည်းပါးလျက်ရှိနေပါသေးတယ်။ မြန်မာနိုင်ငံကော်ဖီအသင်းနဲ့ ကော်ဖီကုမ္ပဏီ လုပ်ငန်းရှင်တွေပူးပေါင်းပြီး ပြည်တွင်းစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှုတွေကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သလို ပြည်ပကော်ဖီပြပွဲတွေကိုလည်း တတ်စွမ်းသမျှ ပါဝင်ပြသခဲ့ကြပါတယ်။

အထူးသဖြင့် ဂျပန်နိုင်ငံ Specialty Coffee Association of Japan (SCAJ) အဖွဲ့က ကြီးမှူးပြီး နှစ်စဉ် နိုဝင်ဘာလမှာကျင်းပမြဲဖြစ်တဲ့ အာရှတိုက်ရဲ့ အကြီးဆုံးကော်ဖီပြပွဲကြီးလို ဆိုနိုင်တဲ့ SCAJ World Specialty Coffee Conference & Exhibition ကို မြန်မာနိုင်ငံ ကော်ဖီအသင်းနဲ့ ကော်ဖီကုမ္ပဏီတို့က ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၉ ခုနှစ်တွေမှာ သွားရောက် ပြသခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြပွဲကျင်းပနိုင်ခြင်းမရှိပေမယ့် ၂၀၂၁ ခုနှစ်မှာတော့ မြန်မာ့ ကော်ဖီတွေ ဝယ်ယူနေတဲ့ ဂျပန်ကုမ္ပဏီ (၃)ခုဖြစ်တဲ့ Saka No Tochu Co.,Ltd , Mandalay Coffee Group Co., Ltd နဲ့ Aung Coffee Lab တို့က မြန်မာ့ကော်ဖီတွေနဲ့ မြန်မာနိုင်ငံကော်ဖီကိုယ်စားပြုပြီး SCAJ World Specialty Coffee Conference & Exhibition 2021 ပြပွဲမှာ ပါဝင်ပြသခဲ့ကြပါတယ်။

အဲဒီကော်ဖီပြပွဲကြီးကို ကမ္ဘာ့နိုင်ငံတွေက နာမည်ကြီးကော်ဖီအမျိုးအစားမျိုးစုံနဲ့ ကော်ဖီလုပ်ငန်းပေါင်း ၂၀၀ ကျော်တို့ လာရောက်ပြသကြတဲ့အပြင် ကော်ဖီဖျော်စက်မျိုးစုံ၊ ကော်ဖီနှင့်စပ်ဆက်ပစ္စည်းမျိုးစုံ၊ ကော်ဖီအသုံးပြုထုတ်လုပ်ထားတဲ့ အခြားသစ်သီးအရသာ၊ ဆေးဖက်ဝင် သစ်သီးသစ်ရွက်တွေနဲ့ပေါင်းစပ်ထားတဲ့ သောက်သုံးစရာများနဲ့ ကော်ဖီအခွံကို အသုံးပြုပြီး အခြားဖြည့်စွက်အရသာတွေ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ အချိုရည်တွေကိုလည်း ပြသပြီး လက်တွေ့ မြည်းစမ်းသောက်သုံးနိုင် အောင်စီစဉ်ပေးထားပါတယ်။

ဒီနှစ် SCAJ World Specialty Coffee Conference & Exhibition 2021 ပြပွဲမှာ ဝင်ရောက်ပြသခဲ့တဲ့ Aung Coffee ကို ဂျပန်လူမျိုး Mr. Okutomi Taketo က တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစတင်ကာ ရှမ်းပြည်နယ်( ရွာငံ၊ ဟိုပုံးနဲ့ ပင်လောင်း)နဲ့ မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်နဲ့မိုးကုတ်)တို့ကထွက်တဲ့ ကော်ဖီတွေကို အစေ့အစိမ်း ဝယ်ယူတင်သွင်းပြီး အိမ်လှော် မြန်မာ့အထူးတန်းဝင်ကော်ဖီအဖြစ် ဂျပန်နိုင်ငံမှာ ကော်ဖီဆိုင်နှင့် အင်တာနက် တို့ကနေတဆင့် ပြန်လည်ရောင်းချခဲ့ပါတယ်။ အဲဒီနောက် ၂၀၂၀ ပြည့်နှစ်စပြီး တိုကျိုမြို့ Ushigome Yanagimachi ဘူတာရုံအနီးမှာ Aung Coffee (Myanmar Coffee Lab Cafe' & Roastery ) နာမည်နဲ့ မြန်မာ့အထူးတန်းဝင်ကော်ဖီတွေကို မြန်မာမုန့်တွေဖြစ်တဲ့ ဆနွင်းမကင်း၊ ကောက်ညှင်း ရွှေကြည်၊ စနိုးပူတင်း တို့နဲ့တွဲဖက်ရောင်းချပါတယ်။ အခုဆိုရင် ဂျပန်လူမျိုးတွေဟာ မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်သူတွေ တိုးပွားလာနေပြီး ကော်ဖီဈေးနှုန်းကလည်း ကမ္ဘာ့နာမည်ကျော် Starbuck Coffee ဈေးနှုန်းနဲ့အတူတူဘဲဖြစ်ပါတယ်။

အဲဒီလို ဂျပန်ဈေးကွက်မှာ မျက်နှာပန်းလှစွာ အရောင်းသွက်နေတဲ့ မြန်မာ့ကော်ဖီရဲ့ တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ပေးနိုင်ဖို့ အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ထို့အတူ အခြားကော်ဖီသောက်သုံးမှုမြင့်မားတဲ့နိုင်ငံ တွေမှာလဲ (ဥပမာ-ကိုရီးယား) အလားတူ မြန်မာ့ကော်ဖီသီးသန့်ဆိုင်တွေ ပေါ်ထွန်းလာစေဖို့ အားလုံးပါဝင်ပြီး တစ်တပ်တစ်အား ကြိုးစား ကြပါစို့လို့ တိုက်တွန်း နှိုးဆော်လိုက်ရပါတယ်။ Source: **မြတ်မြတ်စိုးမိုး** (Myantrade)

## (၁၇) ကြိမ်မြောက် စင်ကာပူနှင့်တရုတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကောင်စီအစည်းအဝေးတွင် ဒီဂျစ်တယ် ကုန်သွယ်မှုနှင့်ဈေးကွက်ဝင်ရောက်ခွင့်တိုးတက်လာစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့

(၁၇) ကြိမ်မြောက် စင်ကာပူနှင့် တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Joint Council for Bilateral Cooperation- JCBC) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၉ - ၁၂ - ၂၀၂၁ ရက်နေ့ တွင် ဗွီဒီယိုကွန်ဖရင့် အစီအစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ယင်းအစည်းအဝေးများတွင် စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Heng Swee Keat နှင့် တရုတ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Han Zheng တို့က ပူးတွဲသဘာပတိ များအဖြစ် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

JCBC အစည်းအဝေးတွင် Belt and Road Initiative (BRI)၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရေရှည်တည်တံ့ရေး၊ ဘဏ္ဍာရေး၊ ဆန်းသစ်တီထွင်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း၊ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုဖြစ်သော တရုတ်-စင်ကာပူ Guangzhou Knowledge City စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ တရုတ်နှင့် စင်ကာပူနိုင်ငံတို့သည် Circular Economy ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ Green Finance နှင့် Green Infrastructure စသည့်ကဏ္ဍသစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ကိုရယူနိုင်ရန် ကောင်းမွန်သောအနေအထားတွင်ရှိပါကြောင်း ဖော်ပြဆွေးနွေးခဲ့ကြပြီး၊ ဒီဂျစ်တယ်ခေတ်၏ အခွင့်အလမ်း ကောင်းများကိုဆုပ်ကိုင်နိုင်ရန်အတွက် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့တော်များ၊ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်မှု စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

ထို့ပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် ၁၄ ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်းလည်း JCBC အစည်းအဝေးတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်းတို့မှာ တရုတ်-စင်ကာပူ (ချုံကင်း) ချိတ်ဆက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် - နိုင်ငံတကာရေကြောင်း ကုန်သွယ်မှုစင်္ကြံသစ်(CCI ILSTC)၊ မြို့ပြအုပ်ချုပ်ရေး၊ မြို့ပြစီမံကိန်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ အသိပညာမျှဝေခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ (၉) ကြိမ်မြောက်အမှုဆောင်အစီအစဉ်၊ လုပ်ငန်းစုများ အပြန်အလှန်ချိတ်ဆက်နိုင်သောပြတင်းတစ်ပေါက် (Single Window) ဆိုင်ရာနားလည်မှုစာချွန်လွှာ၊ အစိမ်းရောင်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော လုပ်ငန်းများဖွံ့ဖြိုးမှုဆိုင်ရာ ပူးတွဲစာတမ်း၊ ယှဉ်ပြိုင်မှုဥပဒေတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနားလည်မှုစာချွန်လွှာ၊ တရုတ်-စင်ကာပူ Tianjin Eco City ရှိ "ဥယျာဉ်မြို့တော်" စီမံကိန်းဆိုင်ရာနားလည်မှုစာချွန်လွှာ၊ သင်္ဘောနှင့်သင်္ဘောသားများအတွက် အီလက်ထရွန်နစ် သက်သေခံ လက်မှတ်များဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ SIP နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစင်တာ (စင်ကာပူ) ကို တည်ထောင်နိုင်ရေးအတွက် ပံ့ပိုးကူညီရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စင်ကာပူအမျိုးသားတက္ကသိုလ် Guangzhou Research Translation and Innovation Institute ကိုတည်ထောင်ရန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်၊ exchange-traded funds (ETF) Product Link ထူထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာနှင့် commodity derivatives ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်တို့ ဖြစ်ကြပါသည်။

တရုတ်နိုင်ငံ၏ CPTPP စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ CPTPP အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေး လျှောက်ထားမှုနှင့် ဒီဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (DEPA) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကြိုးပမ်း ဆောင်ရွက်မှုများအပေါ် စင်ကာပူနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်က ကြိုဆိုခဲ့ပြီး၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော် ခရီးသွား လာမှုများကို ပြန်လည်စတင်ရန် အဆင်သင့်ဖြစ်ချိန်တွင် ပထမဦးစွာချိတ်ဆက်ဆောင်ရွက်မည့်နိုင်ငံများ၌ စင်ကာပူနိုင်ငံ ပါဝင်လာမည်ဟု မျှော်လင့်ပါကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

(၁၇) ကြိမ်မြောက် JCBC အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတို့တွင် နှစ်ဖက် စီးပွားရေးလုပ်ငန်း များအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ ဈေးကွက် ဝင်ရောက်ခွင့်တိုးတက်လာစေရေးနှင့် ဒီဂျစ်တယ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ တရုတ်-စင်ကာပူ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အရ ဆွေးနွေးညှိနှိုင်းမှုများကြောင့် တရုတ်နိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေး ဈေးကွက်တွင်လုပ်ကိုင်နေသော စင်ကာပူကုမ္ပဏီများ၏ ဈေးကွက်ဝင်ရောက်ခွင့်များ သိသာထင်ရှားသော တိုးတက်မှုရရှိခဲ့ ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Gan Kim Yong က ပြောကြားခဲ့ပြီး၊ တရုတ်နိုင်ငံရှိ ဆိပ်ကမ်းများတွင်

စားသောက်ကုန်များအား အလျင်အမြန်စစ်ဆေးရှင်းလင်းနိုင်ရန်အတွက် စင်ကာပူနိုင်ငံတွင် ရှေ့ပြေးစစ်ဆေးရေးဌာနကို ဖွင့်လှစ်ဆောင်ရွက်ပါက စားသောက်ကုန်ကဲ့သို့သော မရှိမဖြစ်လိုအပ်သောကုန်ပစ္စည်းများအတွက် Supply Chain ကောင်းမွန်လာစေမည်ဟု ၎င်းအနေဖြင့် အကြံပြုခဲ့ကြောင်းလည်းသိရှိရပါသည်။

သတင်းရင်းမြစ်။ The Straits Times, The Business Times

Source: မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၁၊ ဒီဇင်ဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 58,695,514.572 | 327.938 | | 1 | ရေနံထွက်ပစ္စည်းများ | 232.914 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 10,749,842.555 | 97.080 | | 2 | ချည်ထည်များ | 85.130 |
| 3 | ဆန် | မတန် | 184,639.494 | 59.787 | | 3 | စားအုန်းဆီ | 82.422 |
| 4 | မတ်ပဲ | မတန် | 66,750.010 | 54.669 | | 4 | ဆေးဝါးပစ္စည်းများ | 55.701 |
| 5 | ရာဘာစိမ်း | မတန် | 27,480.540 | 41.291 | | 5 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 48.390 |
| 6 | ပြောင်း | မတန် | 168,824.200 | 40.483 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 39.753 |
| 7 | နှမ်း | မတန် | 26,131.539 | 34.973 | | 7 | စက်နှင့်စက်ပစ္စည်းများ | 31.438 |
| 8 | ငါး | မတန် | 30,705.781 | 34.957 | | 8 | ဓါတုဗေဒပစ္စည်းများ | 23.648 |
| 9 | ပဲတီစိမ်း | မတန် | 31,248.624 | 25.507 | | 9 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 22.874 |
| 10 | ဆန်ကွဲ | မတန် | 67,746.250 | 19.897 | | 10 | သံနှင့်သံမဏိပစ္စည်းများ | 20.919 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၄-၁၂-၂၀ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၁၂-၂၁ ) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၄-၁၂-၂၀ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၁၂-၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1064.514 | 913.967 | -150.547 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1265.200 | 607.840 | -657.360 |
| ၂ | တိရိစ္ဆာန်ထွက် | 14.754 | 2.162 | -12.592 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1111.557 | 1324.949 | 216.392 |
| ၃ | ရေထွက် | 224.911 | 223.299 | -1.6122 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 304.437 | 153.020 | -151.417 | | ၃ | လူသုံးကုန်ပစ္စည်း | 759.289 | 814.035 | 54.746 |
| ၅ | သစ်တောထွက် | 29.729 | 38.027 | 8.298 | | ၄ | CMP | 446.128 | 475.676 | 29.548 |
| ၆ | စက်မှုကုန်ချော | 1925.035 | 1923.736 | -1.299 | | | | | | |
| ၇ | အခြား | 118.260 | 183.145 | 64.885 | | | | | | |
| | **စုစုပေါင်း** | **3681.640** | **3437.356** | **-244.284** | | | **စုစုပေါင်း** | **3582.174** | **3225.500** | **-356.674** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၁၊ ဒီဇင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၈.၁၂.၂၀၂၁)ထိ

| မြို့နယ် | ဆန်ကြမ်းရှယ်(ဟောင်း) ၅ % | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း(သစ်) |
|---|---|---|---|
| ဖျာပုံ | 25800–26600 | 46000–48000 | 39000–40000 |
| မြောင်းမြ | 25800–26800 | 46000–48000 | 40000–42000 |
| ဒေးဒရဲ | 25800–26300 | 45000–46000 | 38000–40000 |
| ဝါးခယ်မ | 25500–26000 | 46000–46500 | 38000–39000 |
| ဘိုကလေး | 25500–26000 | 46000–46500 | 38000–39000 |
| မော်ကျွန်း | 25800–26300 | 45000–46500 | 38000–39000 |
| လပွတ္တာ | - | - | |
| ကျိုက်လတ် | 25300–26300 | 45000–46000 | 38000–39000 |
| ဘုရင့်နောင် | 25800–26300 | - | |

**Source: MRF**

### ၂၀၂၁၊ ဒီဇင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ (ပေါ်ကျွဲ) | | | ညှော်မထ(ဟောင်း) | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.12.2021 | 45000 | 44000 | 43000 | 39000 | 38000 | 37000 | 25000 | 24000 | 235000 | 23500 | 23000 | 22800 |
| 2 | 2.12.2021 | 45000 | 44000 | 43000 | 39000 | 38000 | 37000 | 25000 | 24000 | 235000 | 23500 | 23000 | 22800 |
| 3 | 3.12.2021 | 45000 | 44000 | 43000 | 39000 | 38000 | 37000 | 25000 | 24000 | 235000 | 23500 | 23000 | 22800 |
| 4 | 6.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 25000 | 24500 | 24000 | 24500 | 24300 | 24000 |
| 5 | 7.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 25000 | 24500 | 24000 | 24500 | 24300 | 24000 |
| 6 | 8.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 25000 | 24500 | 24000 | 24500 | 24300 | 24000 |
| 7 | 9.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 25000 | 24500 | 24000 | 24500 | 24300 | 24000 |
| 8 | 10.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 25000 | 24500 | 24000 | 24500 | 24300 | 24000 |
| 9 | 13.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 26000 | 25500 | 25300 | 24500 | 24300 | 24000 |
| 10 | 14.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 26000 | 25500 | 25300 | 24500 | 24300 | 24000 |
| 11 | 15.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 26000 | 25500 | 25300 | 24500 | 24300 | 24000 |
| 12 | 16.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 26000 | 25500 | 25300 | 24500 | 24300 | 24000 |
| 13 | 17.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 26000 | 25500 | 25300 | 24500 | 24300 | 24000 |
| 14 | 20.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 15 | 21.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 16 | 22.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 17 | 23.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 18 | 27.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 19 | 28.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 20 | 29.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 21 | 30.12.2021 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |

**Source: Myanmar Rice**

## ၂၀၂၁၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2021 | 2021 | | | | |
| 1 | 1.12.2021 | 1425000 | 1175000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 2 | 2.12.2021 | 1390000 | 1155000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 3 | 3.12.2021 | 1415500 | 1145000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 4 | 6.12.2021 | 1395000 | 1145000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 5 | 7.12.2021 | 1387500 | 1135000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 6 | 8.12.2021 | 1366000 | 1160000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 7 | 9.12.2021 | 1392500 | 1175000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 8 | 10.12.2021 | 1400000 | 1170000 | 1549300-1604500 | 1531000-1583000 | 1325800-1347300 | 1083900-1120700 |
| 9 | 13.12.2021 | 1345000 | 1200000 | 1580000-1604500 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 10 | 14.12.2021 | 1307000 | 1175000 | 1580000-1604500 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 11 | 15.12.2021 | 1320000 | 1175000 | 1561600-1583000 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 12 | 16.12.2021 | 1311000 | 1155000 | 1561600-1583000 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 13 | 17.12.2021 | 1299000 | 1135000 | 1561600-1583000 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 14 | 20.12.2021 | 1207500 | 1130000 | 1561600-1583000 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 15 | 21.12.2021 | 1275000 | 1130000 | 1377900-1429900 | 1478900-1531000 | 1325800-1347300 | 1083900-1120700 |
| 16 | 22.12.2021 | 1267500 | 1100000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |
| 17 | 23.12.2021 | 1245000 | 1100000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |
| 18 | 27.12.2021 | 1265000 | 1135000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |
| 19 | 28.12.2021 | 1249000 | 1105000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |
| 20 | 29.12.2021 | 1280000 | 1160000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |
| 21 | 30.11.2021 | 1282500 | 1160000 | 1377900-1429900 | 1426900-1782000 | 1304400-1328900 | 1083900-1120700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၁၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.12.2021 | 2599600-2709800 | 1448300-1485000 | 1016900-1123700 | 1273800-1298300 | 428700-440900 |
| 2 | 2.12.2021 | 2599600-2709800 | 1478900-1531000 | 1016900-1123700 | 1273800-1298300 | 428700-440900 |
| 3 | 3.12.2021 | 2599600-2709800 | 1531000-1552400 | 1016900-1123700 | 1273800-1298300 | 428700-440900 |
| 4 | 6.12.2021 | 2599600-2709800 | 1531000-1552400 | 1016900-1123700 | 1273800-1298300 | 428700-440900 |
| 5 | 7.12.2021 | 2599600-2709800 | 1531000-1552400 | 1071700-1123700 | 1273800-1298300 | 428700-440900 |
| 6 | 8.12.2021 | 2599600-2709800 | 1531000-1552400 | 1071700-1175800 | 1172700-1224800 | 428700-440900 |
| 7 | 9.12.2021 | 2599600-2709800 | 1531000-1552400 | 1071700-1175800 | 1172700-1224800 | 428700-440900 |
| 8 | 10.12.2021 | 2599600-2709800 | 1531000-1552400 | 1071700-1175800 | 1172700-1224800 | 428700-440900 |
| 9 | 13.12.2021 | 2599600-2709800 | 1377900-1429900 | 1120700-1175800 | 1172700-1224800 | 428700-440900 |
| 10 | 14.12.2021 | 2599600-2709800 | 1377900-1429900 | 1151300-1175800 | 1172700-1185000 | 428700-440900 |
| 11 | 15.12.2021 | 2599600-2709800 | 1335000-1359500 | 1151300-1163500 | 1172700-1185000 | 428700-440900 |
| 12 | 16.12.2021 | 2599600-2709800 | 1335000-1359500 | 1132900-1154400 | 1172700-1185000 | 422500-434800 |
| 13 | 17.12.2021 | 2599600-2709800 | 1335000-1359500 | 1132900-1154400 | 1172700-1185000 | 422500-434800 |
| 14 | 20.12.2021 | 2599600-2709800 | 1335000-1359500 | 1132900-1154400 | 1172700-1185000 | 416400-428700 |
| 15 | 21.12.2021 | 2599600-2709800 | 1304400-1359500 | 1132900-1154400 | 1172700-1185000 | 416400-428700 |
| 16 | 22.12.2021 | 2599600-2709800 | 1304400-1359500 | 1132900-1154400 | 1172700-1185000 | 416400-428700 |
| 17 | 23.12.2021 | 2599600-2709800 | 1304400-1359500 | 1102300-1154400 | 1172700-1185000 | 410300-422500 |
| 18 | 27.12.2021 | 2599600-2709800 | 1304400-1359500 | 1102300-1154400 | 1172700-1185000 | 410300-422500 |
| 19 | 28.12.2021 | 2599600-2709800 | 1304400-1359500 | 1120700-1154400 | 1172700-1185000 | 410300-422500 |
| 20 | 29.12.2021 | 2599600-2709800 | 1304400-1359500 | 1120700-1154400 | 1172700-1185000 | 410300-422500 |
| 21 | 30.12.2021 | 2599600-2709800 | 1304400-1359500 | 1142100-1154400 | 1172700-1185000 | 422500-434800 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၁ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.12.2021 to 3.12.2021 | 6.12.2021 to 10.12.2021 | 13.12.2021 to 17.12.2021 | 20.12.2021 to 23.12.2021 | 27.12.2021 to 30.12.2021 |
|---|---|---|---|---|---|---|
| toမတ်ပဲ(2018 crop) | FAQ | 790-810 | 760-780 | 720-740 | 675-695 | 690-710 |
| | SQ | 890-910 | 860-880 | 805-825 | 755-775 | 770-790 |
| | အခွံချွတ် အလုံး/ အခြမ်း | 1135-1165 | 1135-1165 | 1000-1025 | 975-1000 | 925-950 |
| | အခွံပါ အခြမ်း | 1100-1125 | 1100-1125 | 950-975 | 900-925 | 875-900 |
| မတ်ပဲ (2017 crop) | FAQ | 775-795 | 745-765 | 705-725 | 660-680 | 675-695 |
| | SQ | 875-895 | 845-865 | 790-810 | 740-760 | 755-775 |
| | အခွံချွတ် အလုံး/ အခြမ်း | - | - | - | - | - |
| | အခွံပါ အခြမ်း | - | - | - | - | - |
| ပဲတီစိမ်း | FAQ (အညာ) | 750-850 | 750-850 | 750-850 | 740-800 | 740-800 |
| | FAQ (ပခုက္ကူ) | - | - | - | - | - |
| | ရွှေဝါအသေး (Under 3.5 mm) | 900-925 | 900-925 | 900-925 | 900-925 | 900-925 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 970-1000 | 970-1000 | 970-1000 | 950-975 | 950-975 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 940-950 | 950-975 | 950-975 | 925-950 | 925-950 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | - | - | - | - | - |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1050-1075 | 1050-1075 | 950-975 | 900-925 | 900-925 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1100-1150 | 1100-1150 | 1075-1100 | 1000-1025 | 975-1000 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | - | - | - | - | - |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 660-680 | 640-660 | 635-655 | 595-615 | 610-630 |
| | ဖြူနီ (FAQ) | 630-650 | 610-630 | 605-625 | 565-685 | 580-600 |
| | အဖြူ (FAQ) | 630-650 | 610-630 | 605-625 | 565-585 | 580-600 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 640-660 | 620-640 | 615-635 | 575-595 | 590-610 |
| | ဖြူနီ (FAQ) | 610-630 | 590-610 | 585-605 | 545-565 | 560-580 |
| | အဖြူ (FAQ) | 610-630 | 590-610 | 585-605 | 545-565 | 560-580 |
| ကုလားပဲဖြူလုံးကြီး | FAQ | 650-675 | 650-675 | 600-625 | 600-625 | 600-625 |
| | အခွံချွတ်အခြမ်း | 875-900 | 875-900 | 800-825 | 800-825 | 800-825 |
| ပဲလွန်းဖြူ | FAQ | 900-950 | 900-950 | 900-950 | 900-950 | 800-900 |
| | SQ (12.5 ဇကာ) | 1050 | 1050 | 1050 | 1050 | 1050 |
| ပဲလွန်းနီ | FAQ | - | - | - | - | - |
| မြေထောက်ပဲ | FAQ | 1000-1100 | 1000-1100 | 975-1000 | 975-1000 | 975-1000 |
| | အခွံချွတ်အခြမ်း | 950-1100 | 950-1100 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါအခြမ်း | 1020-1030 | 1020-1030 | 900-925 | 900-925 | 900-925 |
| ပဲထောပတ် | FAQ | 650-675 | 650-675 | 650-675 | 650-675 | 650-675 |
| | အခွံချွတ်အခြမ်း | - | - | - | - | - |
| | အခွံပါအခြမ်း | - | - | - | - | - |
| ပြောင်း | | 240-260 | 240-260 | 235-255 | 235-255 | 240-260 |
| နှမ်းဖြူ | | 1250-1325 | 1250-1325 | 1250-1325 | 1250-1325 | 1250-1325 |
| နှမ်းနက် (စမုံ) | | 1800-2000 | 1800-2000 | 1800-2000 | 1800-1900 | 1800-1900 |
| နှမ်းမှုန် | | - | - | - | - | - |
| နှမ်းညို | | 1125-1175 | 1100-1150 | 1100-1150 | 1100-1150 | 1100-1150 |
| နှမ်းနက်(ရိုးရိုး) | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| ပဲကြီး | | - | - | - | 650 | 650 |
| ပဲယင်း | | 675-700 | 650-675 | 650-675 | 650-675 | 650-675 |
| ဘိုကိတ် | | 650-700 | 650-700 | 650-700 | 650-700 | 650-700 |
| နံနံစေ့ | | - | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 1.12.2021 to 7.12.2021 | 8.12.2021 to 14.12.2021 | 15.12.2021 to 21.12.2021 | 22.12.2021 to 28.12.2021 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (well Milled Double Polished Sortexed) | 342-346 | 350-355 | 350-355 | 350-355 |
| 2 | Myanmar Long Grain White Rice 10% Broken (well Milled Double Polished Sortexed) | 335-340 | 345-350 | 345-350 | 342-347 |
| 3 | Myanmar Long Grain White Rice 15% Broken (well Milled Double Polished Sortexexd) | 330-335 | 340-345 | 340-345 | 340-342 |
| 4 | Myanmar Long Grain White Rice 20% Broken (well Milled Double Polished Sortexexd) | 325-329 | 335-340 | 335-340 | 335-340 |
| 5 | Myanmar Long Grain White Rice 25% Broken (well Milled Double Polished Sortexexd) | 322-326 | 328-3333 | 330-335 | 330-335 |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 320-325 | 335-340 | 335-340 | 335-340 |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 322-325 | 325-330 | 325-330 | 325-330 |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 300-305 | 315-320 | 315-320 | 315-320 |
| 9 | Myanmar Long Grain White Rice 35% Broken (Reasonable Well Milled) | 284-295 | 305-315 | 308-315 | 308-315 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 312-315 | 320-325 | 320-325 | 320-325 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 310-312 | 315-320 | 315-320 | 315-320 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 345-348 | 355-360 | 355-360 | 355-360 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 337-341 | 350-355 | 350-355 | 345-350 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 328-332 | 345-350 | 345-350 | 343-345 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 325-329 | 340-345 | 340-345 | 340-343 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 340-345 | 355-360 | 355-360 | 355-360 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 335-340 | 350-355 | 350-355 | 350-355 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 328-332 | 345-350 | 345-350 | 345-350 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 313-323 | 340-345 | 340-345 | 340-345 |
| 20 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 5% Broken (Well Milled Double Polished Sortexed) | 337-341 | 355-360 | 355-360 | 355-360 |
| 21 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 10% Broken (Well Milled Double Polished Sortexed) | 338-342 | 350-355 | 350-355 | 350-355 |

**Source: MRF**

## ၂၀၂၁ ဒီဇင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil (USD/bbl) | Bernt Curde Oil (USD / bbl) | RBoB Gasoline (Usd/ gal) | Narural Gas USD/ MMBtu) | Heading Oil (Usd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.12.2021 | 67.60 | 70.57 | 198.01 | 4.57 | 206.38 |
| 2 | 2.12.2021 | 66.32 | 69.65 | 197.50 | 4.29 | 209.71 |
| 3 | 3.12.2021 | 67.80 | 70.89 | 198.62 | 4.16 | 211.72 |
| 4 | 6.12.2021 | 67.54 | 71.16 | 198.85 | 3.83 | 213.00 |
| 5 | 7.12.2021 | 70.14 | 73.56 | 206.14 | 3.70 | 218.11 |
| 6 | 8.12.2021 | 71.84 | 75.21 | 211.31 | 3.76 | 222.81 |
| 7 | 9.12.2021 | 73.22 | 76.58 | 216.42 | 3.84 | 227.94 |
| 8 | 10.12.2021 | 71.05 | 74.50 | 212.05 | 3.8 | 224.74 |
| 9 | 13.12.2021 | 72.69 | 76.13 | 216.61 | 4.01 | 227.65 |
| 10 | 14.12.2021 | 70.79 | 73.92 | 210.78 | 3.79 | 222.37 |
| 11 | 15.12.2021 | 69.69 | 72.70 | 209.29 | 3.78 | 219.75 |
| 12 | 16.12.2021 | 71.65 | 74.57 | 214.52 | 3.88 | 223.94 |
| 13 | 17.12.2021 | 71.80 | 74.49 | 215.82 | 3.78 | 225.16 |
| 14 | 20.12.2021 | 69.00 | 71.78 | 208.50 | 3.71 | 217.57 |
| 15 | 21.12.2021 | 68.23 | 72.22 | 210.72 | 3.84 | 218.98 |
| 16 | 22.12.2021 | 71.39 | 74.13 | 216.36 | 3.87 | 226.05 |
| 17 | 23.12.2021 | 73.04 | 75.62 | 217.55 | 3.98 | 231.29 |
| 18 | 27.12.2021 | 73.25 | 76.40 | 219.99 | 3.95 | 231.55 |
| 19 | 28.12.2021 | 75.86 | 78.84 | 222.83 | 4.13 | 235.41 |
| 20 | 29.12.2021 | 76.13 | 79.18 | 225.21 | 4.17 | 237.67 |
| 21 | 30.12.2021 | 76.18 | 79.46 | 227.46 | 4.02 | 238.52 |

**Source: Bloomberg Commodities**

## ၂၀၂၁ ဒီဇင်ဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 1 Dec 2021 | 141.88 | * | 253.60 | * | 178.40 |
| 2 | 2 Dec 2021 | 139.91 | * | 252.00 | * | 174.95 |
| 3 | 3 Dec 2021 | * | * | 249.40 | * | * |
| 4 | 6 Dec 2021 | 139.16 | * | 245.70 | * | 171.85 |
| 5 | 7 Dec 2021 | 139.48 | * | 245.50 | * | 173.35 |
| 6 | 8 Dec 2021 | 137.79 | * | 243.80 | * | 172.10 |
| 7 | 9 Dec 2021 | 136.36 | * | * | * | 169.65 |
| 8 | 10 Dec 2021 | 134.92 | * | 239.05 | * | 169.65 |
| 9 | 13 Dec 2021 | 132.18 | * | 236.45 | * | 173.45 |
| 10 | 14 Dec 2021 | 130.14 | * | 235.85 | * | 172.90 |
| 11 | 15 Dec 2021 | 128.57 | * | 234.75 | * | 171.65 |
| 12 | 16 Dec 2021 | 127.67 | * | 230.80 | * | 171.90 |
| 13 | 17 Dec 2021 | 126.66 | * | 229.75 | * | 171.55 |
| 14 | 20 Dec 2021 | 124.28 | * | 227.10 | * | 168.75 |
| 15 | 21 Dec 2021 | 123.74 | * | 226.20 | * | 167.95 |
| 16 | 22 Dec 2021 | 123.50 | * | 224.90 | * | 169.55 |
| 17 | 23 Dec 2021 | 123.94 | * | 222.95 | * | 170.45 |
| 18 | 24 Dec 2021 | 124.12 | * | 220.90 | * | 170.50 |
| 19 | 27 Dec 2021 | * | * | 217.00 | * | * |
| 20 | 28 Dec 2021 | 125.06 | * | 216.40 | * | 173. |
| 21 | 29 Dec 2021 | 125.10 | * | 216.75 | * | 173.85 |
| 22 | 30 Dec 2021 | 126.45 | * | 218.55 | * | 177.00 |

**Source: Association of natural rubber producting countries**

## ၂၀၂၁ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.12.2021 | 1783 | 1784 | 1769000 | 1771000 |
| 2 | 2.12.2021 | 1782 | 1784 | 1770000 | 1769500 |
| 3 | 3.12.2021 | 1778 | 1779 | 1772000 | 1770500 |
| 4 | 6.12.2021 | 1788 | 1790 | 1773000 | 1769000 |
| 5 | 7.12.2021 | 1804 | 1800 | 1769000 | 1768800 |
| 6 | 8.12.2021 | 1791 | 1792 | 1775000 | 1776000 |
| 7 | 9.12.2021 | 1785 | 1800 | 1810000 | 1817000 |
| 8 | 10.12.2021 | 1780 | 1783 | N/A | N/A |
| 9 | 13.12.2021 | 1789 | 1790 | 1787000 | 1787000 |
| 10 | 14.12.2021 | 1789 | 1791 | 1792000 | 1791500 |
| 11 | 15.12.2021 | 1792 | 1800 | 1787000 | 1786500 |
| 12 | 16.12.2021 | 1785 | 1787 | 1791000 | 1790000 |
| 13 | 17.12.2021 | 1803 | 1800 | 1798000 | 1796200 |
| 14 | 20.12.2021 | 1804 | 1805 | 1800000 | 1800000 |
| 15 | 21.12.2021 | 1793 | 1866 | 1803000 | 1801000 |
| 16 | 22.12.2021 | 1792 | 1866 | 1813000 | N/A |
| 17 | 23.12.2021 | 1808 | 1866 | 1810000 | 1808500 |
| 18 | 27.12.2021 | 1812 | 1810 | N/A | N/A |
| 19 | 28.12.2021 | 1809 | 1807 | 1814000 | 1812500 |
| 20 | 29.12.2021 | 1805 | 1808 | 1818000 | 1818000 |
| 21 | 30.12.2021 | 1805 | 1806 | 1822000 | 1820000 |

Source: Bullionvault, etrademyanmar

## ၂၀၂၁ ဒီဇင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)


| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.12.2021 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 2 | 13.12.2021 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 3 | 20.12.2021 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 4 | 27.12.2021 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |

Source: mrppa

## ၂၀၂၁ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| Date | Dollar | Earning |
|---|---|---|
| 1.12.2021 | 1860 | 1825 |
| 2.12.2021 | 1845 | 1830 |
| 3.12.2021 | 1860 | 1838 |
| 6.12.2021 | 1865 | 1841 |
| 7.12.2021 | 1860 | 1855 |
| 8.12.2021 | 1860 | 1875 |
| 9.12.2021 | 1900 | 1890 |
| 10.12.2021 | N/A | N/A |
| 13.12.2021 | 1800 | 1890 |
| 14.12.2021 | 1800 | 1872 |
| 15.12.2021 | 1885 | 1880 |
| 16.12.2021 | 1885 | 1879 |
| 17.12.2021 | 1888 | 1878 |
| 20.12.2021 | 1898 | 1878 |
| 21.12.2021 | 1915 | 1890 |
| 22.12.2021 | 1920 | 1893 |
| 23.12.2021 | 1925 | 1895 |
| 27.12.2021 | 1910 | 1913 |
| 28.12.2021 | 1910 | 1910 |
| 29.12.2021 | 1915 | 1908 |
| 30.12.2021 | 1915 | 1912 |

Source: e trade Myanmar




## ၂၀၂၁ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.12.2021 | 1785.0 | 52.905 | 280.26 | 1309.3 | 23.825 | 1574.0 |
| 2 | 2.12.2021 | 1785.0 | 52.740 | 280.05 | 1306.5 | 23.826 | 1575.9 |
| 3 | 3.12.2021 | 1780.0 | 52.585 | 279.37 | 1298.2 | 23.695 | 1570.4 |
| 4 | 6.12.2021 | 1780.0 | 52.523 | 279.36 | 1299.5 | 23.609 | 1573.0 |
| 5 | 7.12.2021 | 1780.0 | 52.874 | 279.52 | 1303.1 | 23.592 | 1565.9 |
| 6 | 8.12.2021 | 1780.0 | 53.087 | 280.24 | 1304.4 | 23.567 | 1567.1 |
| 7 | 9.12.2021 | 1780.0 | 53.214 | 280.47 | 1304.6 | 23.550 | 1567.8 |
| 8 | 10.12.2021 | 1780.0 | 52.945 | 279.78 | 1303.2 | 23.505 | 1567.7 |
| 9 | 13.12.2021 | 1780.0 | 53.317 | 279.70 | 1302.1 | 23.515 | 1566.4 |
| 10 | 14.12.2021 | 1780.0 | 53.246 | 279.74 | 1300.2 | 23.453 | 1565.0 |
| 11 | 15.12.2021 | 1780.0 | 53.285 | 279.68 | 1301.9 | 23.402 | 1565.2 |
| 12 | 16.12.2021 | 1780.0 | 23.174 | 279.57 | 1304.0 | 23.367 | 1560.0 |
| 13 | 17.12.2021 | 1778.0 | 53.321 | 278.96 | 1302.5 | 23.370 | 1565.6 |
| 14 | 20.12.2021 | 1778.0 | 52.956 | 278.84 | 1299.4 | 23.427 | 1567.8 |
| 15 | 21.12.2021 | 1778.0 | 52.775 | 279.09 | 1303.2 | 23.526 | 1564.4 |
| 16 | 22.12.2021 | 1778.0 | 52.666 | 279.06 | 1301.5 | 23.526 | 1555.9 |
| 17 | 23.12.2021 | 1778.0 | 52.980 | 279.12 | 1307.0 | 23.623 | 1555.6 |
| 18 | 27.12.2021 | 1778.0 | 53.011 | 279.04 | 1311.0 | 23.704 | 1551.7 |
| 19 | 28.12.2021 | 1778.0 | 53.027 | 279.06 | 1312.9 | 23.794 | 1548.0 |
| 20 | 29.12.2021 | 1778.0 | 53.043 | 279.15 | 1312.7 | 23.773 | 1546.4 |
| 21 | 30.12.2021 | 1778.0 | 53.329 | 278.90 | 1313.0 | 23.900 | 1543.7 |

Source: Central Bank of Myanmar